# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ တန်ခူးလဆန်း (၁၃) ရက် ၊ တနင်္ဂနွေနေ့ ၊ (21-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၅၁)


## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဧပြီ ၂၀**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၀ ရက်တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းဖြစ်သော ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း(The Myanmar Terminal-TMT)မှ ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀ တင်ပို့ခဲ့သည်။

အလားတူ ဧပြီ ၂၁ရက်တွင် အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(AIPT-3)မှ ပြောင်းဖူးစေ့တန်ချိန် ၆၆၀၀၊ ဧပြီ ၂၂ ရက်တွင် မင်းထက်မင်းဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀နှင့် ဧပြီ ၂၅ ရက်တွင် ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal-TMT)မှ ပြောင်းဖူးစေ့တန်ချိန် ၇၁၅၀ ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အမှတ်(၈) အထည်စက်ရုံ (ပျော်ဘွယ်)နှင့် အမှတ်(၈)အထည်စက်ရုံခွဲ (ရမည်းသင်း)တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး**

စာမျက်နှာ - ၁၇

**၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ရန် လုပ်ငန်းရှင် ၆၃၈ ဦး မှတ်ပုံတင်လျှောက်ထား**

စာမျက်နှာ - ၃

**အောင်မြင့်မိုရ် အိမ်ရာစီမံကိန်း နေအိမ်တိုက်ခန်းများကို CHID ဘဏ်၏ ချေးငွေအစီအစဉ်များဖြင့် ရောင်းချပေးသွားမည်**

စာမျက်နှာ - ၃၀

## ထူးခြားသည့် နေ့အပူချိန်များ

(၂၀-၄-၂၀၂၄)

| | | |
|---|---|---|
| ချောက် | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါ | ၄၃ | ဒီဂရီဆဲလ်စီးယပ် |




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၂၁ ရက်
အယ်ဒီတာ့အာဘော်

## ပြည်သူ့အကျိုးပြု ပညာဘဏ်တိုက်များဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး မြို့ပြတွင် လူဦးရေ ၃၀ ရာခိုင်နှုန်းခန့်နေထိုင်ကြသည်။ နိုင်ငံ့လူဦးရေအများစုသော ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။ ပြည်သူအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အသိပညာဗဟုသုတများမြှင့်တင်ပေးရန်လိုအပ်သည်။ ထို့ကြောင့် ပြည်သူများ၏ပညာရေးအထောက်အကူပြုစေမည့် ပြည်သူ့အကျိုးပြုပညာဘဏ်တိုက်ခေါ် စာကြည့်တိုက်များတည်ဆောက်ပေးခြင်းကို ဝိုင်းဝန်းအားပေးဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

စာကြည့်တိုက်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ဆောင်ရွက်ခဲ့သည်မှာ ပေထက်အက္ခရာတင်သည့်ခေတ်မှ ယခုမျက်မှောက်ခေတ်အထိ နှစ်ပေါင်းထောင်ချီရှိခဲ့ပြီဖြစ်သည်။ ကျေးလက်မြို့ပြမကျန် အများပြည်သူတို့ ပညာရှာမှီးရာတွင် ကူညီပံ့ပိုးပေးခဲ့ခြင်း၊ အများအကျိုးပြုခဲ့ခြင်းတို့သည် မည်သူမျှမငြင်းနိုင်သောပကတိအခြေအနေပင်ဖြစ်သည်။ ရှေးခေတ် ပေ၊ ပုရပိုက်များပေါ်၌သာ စာရေးသား၊ ဖတ်ရှုလေ့လာရသည့် ခေတ်ကာလကတည်းက စာကြည့်တိုက်များသည် ဘုန်းတော်ကြီးကျောင်းပရိဝုဏ်၌ ပိဋကတ်တိုက်အဖြစ်လည်းကောင်း၊ မင်းစိုးရာဇာတို့၏ နန်းတွင်း၌လည်းကောင်း ကိန်းအောင်းတည်ရှိခဲ့သည်။

ကိုလိုနီခေတ်တွင် ပုံနှိပ်စက်များ မြန်မာနိုင်ငံသို့ တဖြည်းဖြည်းရောက်ရှိလာသောအခါ ပေ၊ပုရပိုက်ပေါ်တွင်ရှိသည့် လူနည်းစုသာဖတ်နိုင်သော စာပေပညာ ဗဟုသုတများစွာသည် ပုံနှိပ်စာအဖြစ် လူအများကျယ်ကျယ်ပြန့်ပြန့်လက်လှမ်းမီစွာဖတ်ရှုလာနိုင်သည်။ သုတ၊ ရသ၊ ဓမ္မရေးရာစသည့် စာအုပ်စာပေအမျိုးမျိုးတို့ကို သိမ်းဆည်းထားသိုရာတွင်လည်း ပိဋကတ်တိုက်များမှ အသွင်ပြောင်းပြီး အများပြည်သူအကျိုးပြုစာကြည့်တိုက်များအဖြစ် ပေါ်ထွန်းခိုင်မာလာခဲ့သည်။ မြန်မာဝေါဟာရ၌လည်း စာကြည့်တိုက်ဆိုသည်မှာ ကြည့်ရှုလေ့လာရန်နှင့် ငှားရမ်းရန် စာအုပ်များခင်းကျင်းထားသောနေရာဟု ဖွင့်ဆိုထားသည်အထိပင် စာကြည့်တိုက်များက ပြည်သူများအသိပညာဗဟုသုတများမြှင့်တင်ပေးရာ၌ အထောက်အကူပြုနိုင်ခဲ့သည်။ နိုင်ငံတစ်ဝန်း၌လည်း စာကြည့်တိုက်များတည်ဆောက်လာကြသည်ကိုလည်း တွေ့ရပေသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်သည့် ပညာရေးကဏ္ဍမြင့်မားတိုးတက်လာစေရေးအတွက် ပညာဘဏ်တိုက် ခေါ် စာကြည့်တိုက်များက အရေးကြီးသောအခန်းကဏ္ဍက ပါဝင်နေပေသည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စာအုပ်စာတမ်းများ ပြည့်ပြည့်စုံစုံရှိရန် မဖြစ်မနေလိုအပ်ပါသည်။ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရန် စာအုပ်စာစောင်များနှင့် အလှူငွေများလှူဒါန်းမှုသည် တိုင်းပြည်အတွက် တန်ဖိုးကြီးမားသည့်လှူဒါန်းမှု၊ မွန်မြတ်သည့်အသိပညာစာပေအလှူဖြစ်ပါသည်။ ထိုသို့နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်လှူဒါန်းမှုကို ဧပြီလ ၁၀ ရက်နေ့က နိုင်ငံတစ်ဝန်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တက်ရောက်လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်ကိုလည်း သတင်းမီဒီယာများမှ မြင်တွေ့ရသည်မှာလည်း တိုင်းပြည်ရှေ့ရေးအတွက် ဝမ်းမြောက်နှမော်သာမုခေါ်အပ်ပါသည်။

ပညာမြင့်မှ လူမျိုးတင့်မည်ဖြစ်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ဖြစ်အောင် ပညာရေးစနစ်ကသာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ နိုင်ငံသူနိုင်ငံသားများခေတ်နှင့်အမီ၊ ကမ္ဘာနှင့်အညီ ပညာရပ်များကို လေ့လာမှုပြည့်စုံနိုင်ရန်အတွက် ပြည်သူ့အကျိုးပြုစာကြည့်တိုက်များကို အလွယ်တကူ အသုံးချနိုင်ရန် အရေးကြီးပါသည်။ သို့ပါ၍ နိုင်ငံနှင့် ပြည်သူ့အကျိုးပြုပညာဘဏ်တိုက်ခေါ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအပေါင်းက ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

## မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၂၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၃၄၅၆၆၆ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေ လာရောက် ဖူးမြော်ကြပါတယ်။ မိုးရွာရင် ဘုရားဖူးတွေ မချော်အောင်၊ နေပူရင်လဲ ဘုရားဖူးတွေ ခြေမပူအောင် အခင်းတွေပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ပါတယ်။ ဘုရားဖူးတွေက နားနေဆောင်တွေမှာလဲ ဝင်ရောက်နားခိုပြီး အနားယူအပန်းဖြေနေကြတာကိုတွေ့ရပါတယ်။ အရိပ်ရအပင်တွေလဲ စိုက်ပျိုးထားပြီး ဘုရားဖူးတွေ အနားယူဖို့အတွက် ခုံတွေလဲ ပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့စည်ကားနေတာတွေ့ရပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၀၅၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၄၂၂၅၂ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၃၅၉ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

## မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၆ ကောင် နေထိုင်ကျက်စားလျက်ရှိ

**မန္တလေး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင် ၁၆ ကောင် နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေနည်းချိန်ကာတွင် ဧရာဝတီလင်းပိုင်များ နေရာပြောင်း၍ အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ယခင်က ဧရာဝတီလင်းပိုင်များသည် မင်းကွန်းဒေသအနီးတွင် အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိကြောင်း၊ မေ ၁၈ ရက်မှစ၍ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင်များ ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာထဲမှာ ဧရာဝတီလင်းပိုင်တွေရဲ့ အခြေအနေကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က စက်လှေနဲ့ မေ ၁၈ ရက် မနက်ပိုင်းက သွားပြီးကြည့်ဖြစ်တယ်။ လတ်တလောကတော့ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးမှာ ဧရာဝတီလင်းပိုင် ၁၆ ကောင် အုပ်စုလိုက် ပြောင်းရွှေ့နေထိုင်ကျက်စားနေတာကို တွေ့မြင်ခဲ့ရပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

အလားတူ ဧရာဝတီလင်းပိုင်များကို ကြည့်ရှုလိုသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအနေဖြင့် မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် သွားရောက်ကြည့်ရှုနိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

## မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှထွက်ရှိသည့် ပိုလ်စားပဲများ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တောင်ပေါ်ဒေသတစ်ဝိုက်မှ ထွက်ရှိသည့် ပိုလ်စားပဲများသည် နေ့စဉ် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ အဆိုပါ ပိုလ်စားပဲ ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပိုလ်စားပဲက တောင်ပေါ်ဒေသတွေကပဲထွက်ရှိပြီး ဈေးကို အပြိုင်ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသကထွက်တာ မရှိတော့ပါဘူး။ တောင်ပေါ်ဒေသတွေကပဲထွက်ပြီး ဈေးကွက်အတွင်းကို နေ့စဉ်ဝင်ရောက်နေတာကြောင့် အရောင်းအဝယ်တွေကောင်းနေပါတယ်။ စိုက်ပျိုးမှုတွေကလဲ အရင်နှစ်တွေနဲ့စာရင် နည်းလာပါတယ်။ ဈေးမှာ အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ မုန်လာဥ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ မုန်လာဥနီ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်တွေကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိတွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချပေးနေကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝရက်လမ်းကြား၊ ရတနာပုံသတင်းဓာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လှိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်လင် ဧပြီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ရရှိစေရန်ရည်ရွယ်၍ မဲခေါင်-လန်ချန်းစီမံကိန်း အထူးရန်ပုံငွေများဖြင့် ပင်လုံအရှေ့ကျေးရွာအုပ်စု ဆင်တောင်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်နှင့် တာဝန်ရှိသူများက ဆင်တောင်ကျေးရွာ၌ ရေသန့်စင်စက်တပ်ဆင်ခြင်း၊ အရှည် ၁ မိုင် ၅ ဖာလုံရှိ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆင်တောင်ကျေးရွာ၌ အဆိုပါ ရေရရှိရေးလုပ်ငန်းများကို မဲခေါင်-လန်ချန်းစီမံကိန်း အထူးရန်ပုံငွေကျပ် ၁၂၅ ဒသမ ၁၈၁သန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း လှိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်ထံမှ သိရသည်။

**မောင်နိုင်**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ မဟာမြိုင်အပိုင်း(၁)နေ ဒေါက်တာတင်ရိုး တက္ကသိုလ်-သွားနှင့်ခံတွင်းဆေးခန်းက ဆေးပဒေသာသင်အတွက် အလှူငွေကျပ် ၆၄၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးစင်မောင်၊ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် လုပ်ငန်းရှင် ၆၃၈ ဦး မှတ်ပုံတင်လျှောက်ထား



**ရန်ကုန် ဧပြီ ၂၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ရန် လုပ်ငန်းရှင် ၆၃၈ ဦး မှတ်ပုံတင်လျှောက်ထားကြောင်း အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက ပြောပြ၍ သိရသည်။

ထိုသို့ မှတ်ပုံတင်လျှောက်ထားသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများတွင် အများစုမှာ စားသောက်ကုန်ထုတ်လုပ်ငန်းများဖြစ်ပြီး အဆိုပါ စားသောက်ကုန်ထုတ်လုပ်ငန်းများမှထုတ်လုပ်သည့် စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီစေရေးအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)ရှိ ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်ပေးလျက်ရှိကြောင်း သိရသည်။

"၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးမှာ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ဖို့ လာရောက်ပြီး မှတ်ပုံတင်လျှောက်ထားတဲ့ လုပ်ငန်းရှင် ၆၃၈ ယောက် ရှိပါတယ်။ အများစုကတော့ စားသောက်ကုန်ထုတ်လုပ်ငန်းတွေကို လုပ်ကိုင်ကြမှာဖြစ်ပါတယ်။ ဌာနအနေနဲ့ကလဲ ဌာနပိုင် ဓာတ်ခွဲခန်းကနေပြီးတော့ စားသောက်ကုန်ထုတ်လုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေကို သတ်မှတ်အရည်အသွေးပြည့်မီဖို့၊ ဘေးအန္တရာယ် ကင်းရှင်းဖို့အတွက် စနစ်တကျ ဓာတ်ခွဲအဖြေထုတ်ပြီးမှ မှတ်ပုံတင် ထုတ်ပေးလျက်ရှိပါတယ်"ဟု အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက ပြောပြသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)အနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်များ၊ သဘာဝသယံဇာတကိုအခြေခံသည့် လက်မှုအနုထည်ထုတ်ကုန်များ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ အရည်အသွေးမြင့်ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာဖြန့်ဝေပေးခြင်း၊ ဓာတ်ခွဲစမ်းသပ်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ လုပ်ငန်းထူထောင်နိုင်ရန် စက်ကိရိယာများ ပံ့ပိုးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# သာစည်မြို့နယ် ကြာတက်ကုန်းကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**သာစည် ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာတက်ကုန်းကျေးရွာအုပ်စု ကြာတက်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်အေးမို့မို့ပိုင်နှင့် ဝန်ထမ်းများက ကြာတက်ကုန်းကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ် ကြာတက်ကုန်းကျေးရွာ၌ အရှည် ၆၄၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ဆိုလာစနစ်သုံးရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ပထမပတ်မှစ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့်ပူးစားပြောင်း ၈၅၂၄ ဧက ရိတ်သိမ်းပြီးစီး

**မော်လိုက် ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၈၅၂၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၈၅၂၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လိုက်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်းနဲ့ပူးစားပြောင်း ၈၅၂၄ ဧက စိုက်ပျိုးထားပါတယ်။ လက်ရှိ ဧကအားလုံးရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေအောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၈၈၇၁ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ မော်လိုက်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၄၅၈ ဧက၊ ပူးစားပြောင်း ၂၆၅၅ ဧက၊ ဖောင်းပြင်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ဧက ၈၀၀၊ ပူးစားပြောင်း ၄၆၁၁ ဧက စုစုပေါင်း ၈၅၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်းစိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် ပိုးနင်ဆေးအသုံးပြုခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၂၀၆)



# ရောနှောဆီနှင့် မြန်မာ့အကြိုက်

မျိုးသူ(ကုန်သွယ်မြှင့်)

၂၀၂၄ ခုနှစ် မတ် ၂၉ ရက်က အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)က အမိန့်အမှတ်(၂/၂၀၂၄)ကို ထုတ်ပြန်ကြေညာခဲ့သည်။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ(Blended Oil)အဖြစ် အစားအသောက်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရန် ဤအမိန့်ကို ထုတ်ပြန်လိုက်သည်ဟုဖော်ပြထားသည်။ အဆိုပါအမိန့်မှာ "ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ(Blended Oil)အဖြစ် ရောစပ်ရာတွင် အရည်အသွေးအာမခံချက်နှင့် အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာသတ်မှတ်အမိန့်"ဖြစ်သည်။

ကျွန်တော်တို့အနေဖြင့် မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ပန်းနှမ်း၊ ဆီမုန်လာ၊ ဆီမုန်ညင်း၊ ဆီအုန်း စသည်တို့ကို စိုက်ပျိုးကြသည်။ ထွက်သမျှဆီထွက်သီးနှံများကို ကြိတ်ခွဲမည်ဆိုပါက ပြည်တွင်းဆီလိုအပ်ချက်ကိုပြည့်မီကျော်လွန်နိုင်သည်ဟု စိုက်ပျိုးရေးဦးစီးဌာနက မကြာခဏဆိုလေ့ရှိသည်။ လက်တွေ့အခြေအနေတွင်မူ မြန်မာနိုင်ငံသည် စားသုံးဆီများကို ပြည်ပမှ မှာယူတင်သွင်းနေရဆဲဖြစ်သည်။ ယခုကြေညာသည့် ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ(Blended Oil)အဖြစ် ရောစပ်ရောင်းချမှုကိုကြည့်ပြီး ပြည်တွင်းစားသုံးဆီဈေးကွက်အတွင်းရှိ ဆီအမျိုးမျိုးကို ထိန်းသိမ်းသည့် ခြေလှမ်းသစ်တစ်ခုအဖြစ် ကြိုဆိုရမည်ဖြစ်သည်။

ဤအမိန့်ကြေညာချက်တွင် နှစ်ပိုင်းပါဝင်နေသည်ကို သတိပြုရမည်ထင်သည်။ ပထမအချက်မှာ အရည်အသွေးအာမခံချက်ကိစ္စနှင့်အခြားတစ်ချက်မှာ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာကိစ္စဖြစ်သည်။ အရည်အသွေးအာမခံချက်တွင် ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ(Blended Oil)အဖြစ် ရောစပ်ရာတွင် အမျိုးအစားနှစ်မျိုးကိုသာ ရောစပ်ရန်၊ ရောစပ်ရာတွင်သုံးသော ဟင်းသီးဟင်းရွက်တစ်မျိုးသည် အနည်းဆုံး ၄၀ ရာခိုင်နှုန်းဖြစ်ရန်၊ မည်သည့်အနံ့မှုထည့်သွင်းခြင်းမပြုရန်၊ တိရစ္ဆာန်အဆီနှင့်ဝါဈေးဆီကြမ်းတို့ကို ရောနှောဆီအဖြစ်အသုံးမပြုရန်ဟု သတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်ကြောင့် မြန်မာနိုင်ငံတွင်ရှိသော စားသုံးဆီများတွင်ပါဝင်သည့်ရောနှောဆီများသည် ဟင်းသီးဟင်းရွက်ဆီနှစ်မျိုးသာ ပါဝင်ရမည်ဖြစ်ပြီး ၄၀ အချိုး ၆၀ ဖြင့် ရောစပ်ရမည်ဖြစ်သည်။ အခြားအချက်တစ်ချက်ဖြစ်သောကိစ္စမှာ အမှတ်တံဆိပ်ဖော်ပြသည့်ကိစ္စဖြစ်သည်။ ဖော်ပြချက်ကို ရောစပ်သည့်ဆီနှစ်မျိုးအနက် ၆၀ ရာခိုင်နှုန်းပါဝင်သောဆီကို ရှေ့ကထား၍ ဖော်ပြရန် သတ်မှတ်ထားသည်။ စာလုံးအရွယ်အစားကိုထည့်သွင်းဖော်ပြထားခြင်းမှာ စာလုံးအရွယ်အစားကိုအလွန်သေးထားခြင်းမျိုးဖြင့် စားသုံးသူကို ထင်ယောင်ထင်မှားဖြစ်စေခြင်းမျိုး ရှောင်လွဲနိုင်ရန်ဖြစ်သည်ဟု ယူဆမိသည်။

## ပြည်တွင်းရောနှောဆီများ

မြန်မာနိုင်ငံတွင် ရောနှောဆီများကို မြင်တွေ့နေရသည်မှာ အချိန်အတန်ကြာမြင့်ပြီဖြစ်သည်။ ရောဆီ၊ စပ်ဆီအဖြစ် ဘူးသွတ်ရောင်းချသည်များကို ဈေးဆိုင်များတွင် မြင်တွေ့နိုင်သည်။ ယခုလည်း မြင်တွေ့ရောင်းဝယ်နေကြသည်သာဖြစ်သည်။ ယခုထိ ဈေးကွက်ထဲတွင် မြင်တွေ့နေရသော ရောနှောဆီအများစုသည် မည်သို့ရောထားသည်၊ မရောထားသည်ကို ဖော်ပြခြင်းလည်းမရှိပါ။ တချို့ဆိုလျှင် စားအုန်းဆီကို မြေပဲဆီအနံ့ထည့်ပြီး မြေပဲရောဆီအဖြစ် ရောင်းချနေကြခြင်းဖြစ်သည်ဟုဆိုကြသည်။ ယခုနောက်ပိုင်းတွင် စားအုန်းဆီဈေးများမြင့်တက်လာသည်နှင့်အမျှ မြေပဲဆီဈေးလည်း မြင့်တက်လာသည်ကိုတွေ့နေရသည်။ ထိုသို့ စားသုံးဆီဈေးများမြင့်တက်လာပြီး အဖမ်းအဆီးများရှိလာသည့်အခါတွင် ရောနှောဆီများအဖြစ် ပိုမိုရောင်းချလာသည်များကို တွေ့နေရသည်။ တစ်နည်းအားဖြင့် စားအုန်းဆီဈေးကို အစိုးရက ရည်ညွှန်းဈေးဖြင့်ရောင်းချစေသည့်အခါ ဥပဒေကိုလက်တစ်လုံးခြားရှောင်တိမ်းနိုင်ရန် မြေပဲနှင့် ရောနှောဆီအဖြစ် စားအုန်းဆီကို မြေပဲဆီအနည်းငယ်ရောနှော၍လည်းကောင်း၊ မြေပဲဆီလုံးဝပါဝင်ခြင်းမရှိဘဲ အနံ့သာထည့်သွင်းပြီး ရောင်းချသည်များကိုလည်းကောင်း ကြားသိနေရသည်။ အဆိုပါရောနှောဆီများတွင် ထုတ်လုပ်သည့်လုပ်ငန်းလိပ်စာ၊ ဆိုင်လိပ်စာများပါဝင်ခြင်းမရှိဘဲ ဆက်သွယ်ရန်ဖုန်းနံပါတ်တစ်ခုသာပါဝင်သည်များကို တွေ့နေရသည်။ အခြားသော ကုန်အမှတ်တံဆိပ်ဥပဒေများဖြင့်လည်း ကိုက်ညီခြင်းမရှိတတ်ပါ။ သို့သော်လည်း မြေပဲဆီထက်ဈေးသက်သာပြီး မြေပဲဆီအနံ့သင်းသင်းလေးပါဝင်သဖြင့် စားအုန်းဆီဈေးထက်မြင့်သော်လည်း စားသုံးသူများက ဝယ်ယူစားသုံးနေကြရသည်။ မြေပဲဆီမဟုတ်ဘဲ မြေပဲဆီဈေးနီးနီးပေးရသည့်အတွက် စားသုံးသူများမှာနစ်နာလှသည်။ လုပ်ငန်းရှင်အငယ်များသာမက လုပ်ငန်းရှင်ကြီးများတွင်ပင် ထိုကဲ့သို့ရောနှောရောင်းချသည်များရှိသည်ဟု ကြားဖူးသည်။ မှန်ကန်မှုမည်မျှရှိသည်ကိုမူမသိရပါ။ သို့သော်လည်း ဈေးကွက်အတွင်းတွင် ရောနှောဆီများသည် ပလူပျံသကဲ့သို့ ပေါများနေသည်မှာလက်တွေ့ဖြစ်သည်။ ယခုအချိန်ထိ ထိထိရောက်ရောက်နှိမ်နင်းခြင်းမျိုး မတွေ့ရပါ။ ယခုအမိန့်စာသည် ရောနှောဆီနှင့်ပတ်သက်၍ ပထမဆုံးမြင်ရသည့် ပြည်တွင်းစားသုံးဆီဈေးကွက်အတွင်းမှ အလင်းရောင်တန်းလေးဖြစ်သည်ဟု ဆိုရမည်ထင်သည်။ ထိုအလင်းရောင်တန်းကလေးမှာ စားသုံးသူများအတွက် နေလုံးကြီးထွန်းလင်းသကဲ့သို့ ဖြစ်လာရန်လိုအပ်သည်။

## ရောနှောဆီဆိုသည်မှာ

ရောနှောဆီဆိုသည်မှာ ဆီအမျိုးအစားတစ်မျိုးထက် ပိုမို၍ရောနှောထားသောဆီကို ခေါ်သည်။ များသောအားဖြင့် ဆီတစ်မျိုးလျှင် ၂၀ ရာခိုင်နှုန်းခန့် အနည်းဆုံးထားရောနှောလေ့ရှိသည်ဟုဆိုသည်။ သို့ဖြစ်၍ ဆီကို နှစ်မျိုး၊ သုံးမျိုး ရောစပ်နိုင်သည်။ အချို့နိုင်ငံများတွင် ဆီနှစ်မျိုးထက်ပို၍ ရောစပ်စားသုံးကြသည်မျိုးရှိသည်။ ဆီများကို ရောစပ်သုံးစွဲကြခြင်းမှာ ဆီတစ်မျိုးစီတွင်ပါဝင်သော အရည်အသွေးများကို စုပေါင်းရရှိစေရန်ဖြစ်သည်။ ထို့ပြင် ဆီတစ်မျိုးတည်းကိုသာ စွဲ၍ ချက်ပြုတ်စားသုံးသည့်အခါ ထိုတစ်မျိုးတည်းမှ ဗီတာမင်များ၊ အခြားဓာတ်များကိုသာ ရရှိပြီး အခြားဆီများတွင်ပါဝင်သည့် အာဟာရဓာတ်များ၊ ဗီတာမင်များ၊ အခြားဓာတ်များကို မရရှိတတ်သဖြင့် ဆီများကို နေ့စဉ်ပြောင်းလဲချက်ပြုတ်နေမည့်အစား ရောနှောဆီကိုသုံးစွဲခြင်းဖြင့် ရောထားသည့်ဆီများ၏အရည်အသွေးများကို ပိုမိုရရှိလာစေရန်ဖြစ်သည်။ ထို့ပြင် ရောနှောဆီသည် ချက်ပြုတ်ရာတွင်သုံးစွဲနိုင်သည့်အပြင် အပူရှိန်များများဖြင့်လည်း ကြော်လှော်ရန်အတွက် သုံးစွဲနိုင်သည့်အားသာချက်များရှိသည်။ ထို့ကြောင့် မြေပဲဆီ၊ စားအုန်းဆီ၊ နေကြာဆီ၊ ဖွဲနုဆီ၊ ပဲပုပ်ဆီ စသည်ဖြင့် ရောနှောသုံးစွဲကြသည်ဟု သိရသည်။

## ရောနှောဆီသုံးစွဲခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ

ရောနှောဆီကိုသုံးစွဲခြင်းဖြင့် အာဟာရဓာတ်ရရှိမှုကို တိုးတက်ကောင်းမွန်စေသည်။ အာဟာရဓာတ်များတွင် ပိုလီအန်ဆက်ကျူရိတ်တက်ဖက်စ် (Polyunsaturated fats)၊ မိုနိုအန်ဆက်ကျူရိတ်တက်ဖက်စ် (Monounsaturated fats)နှင့် ဆက်ကျူရိတ်တက်ဖက်စ်(Saturated fats)များပါဝင်မှုကို အချိုးညီညီရရှိလာစေနိုင်သည်။ ဥပမာအားဖြင့် နှလုံးကျန်းမာရေးအတွက် အထူးကောင်းမွန်သည့် မိုနိုအန်ဆက်ကျူရိတ်တက်ဖက်စ်(Monounsaturated fats) များစွာပါဝင်သော သံလွင်ဆီနှင့် Unsaturated fats နည်းသည့် ကနိုလာဆီတို့ကိုရောနှောခြင်းဖြင့် အဆိုပါရောဆီသည် နှလုံးကျန်းမာရေးအတွက် ကောင်းမွန်သည့် Monounsaturated fats ကြွယ်ဝသောဆီဖြစ်လာသည်။ ထို့ပြင် ဆီနှစ်မျိုး၊ သုံးမျိုးရောစပ်ဆီသည် တည်ငြိမ်မှုကိုတိုးတက်စေသည်ဟုဆိုသည်။ တည်ငြိမ်မှုဆိုသည်မှာ ချက်ပြုတ်ရာတွင် အပူချိန်မြင့်မြင့်ဖြင့် အကြော်ခံမှုနှင့် ဆီချေးနံ့နံ့ခြင်းကို လျော့နည်းစေပြီး အချိန်ကြာကြာ မပျက်စီးအောင်ထိန်းသိမ်းထားနိုင်သည်။ ဥပမာအားဖြင့် Oleic acid မြင့်သော နေကြာဆီနှင့် ဆူးပန်းဆီတို့ကိုရောနှောခြင်းဖြင့် ရရှိသောရောနှောဆီသည် ဆီချေးစော်နံ၍ ဆီပျက်စီးခြင်းနှင့် ဆီ၏ မီးခိုးထွက်အမှတ်(Smoke point) စသောအရည်အသွေးများကို ကောင်းမွန်သည့်ဘက်တွင် တိုးတက်လာစေသည်။ ဆီအရည်အသွေးမပျက်စီးအောင်၊ ကြာရှည်ခံအောင် ထိန်းသိမ်းနိုင်လာသည်။ ထို့ပြင် ရောနှောသည့်ဆီအမျိုးအစားကိုလိုက်ပြီး နှလုံးကျန်းမာရေးနှင့် အခြားကျန်းမာရေးအတွက် ကောင်းကျိုးများကိုလည်း ရရှိစေနိုင်သည်။ ရောနှောဆီသည် ဆီတစ်မျိုးတည်းထက်လည်း စင်တင်ကာလကိုရှည်ကြာစေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဆီတစ်မျိုးနှင့်တစ်မျိုးသည် တည်ငြိမ်အောင်အပြန်အလှန်ထိန်းကျောင်းကြခြင်းဖြင့် စင်တင်ကာလကို ရှည်စေနိုင်သည်။ ပျက်စီးမှုကို လျှော့ချနိုင်သည်။

❖ မြန်မာနိုင်ငံတွင် ရောနှောဆီများကို မြင်တွေ့နေရသည်မှာ အချိန်အတန်ကြာမြင့်ပြီဖြစ်သည်။ ရောဆီ၊ စပ်ဆီအဖြစ် ဘူးသွတ်ရောင်းချသည်များကို ဈေးဆိုင်များတွင်မြင်တွေ့နိုင်သည်။ ယခုလည်း မြင်တွေ့ရောင်းဝယ်နေကြသည်သာဖြစ်သည်။ ယခုထိ ဈေးကွက်ထဲတွင် မြင်တွေ့နေရသော ရောနှောဆီအများစုသည် မည်သို့ရောထားသည်၊ မရောထားသည်ကို ဖော်ပြခြင်းလည်းမရှိပါ။ တချို့ဆိုလျှင် စားအုန်းဆီကို မြေပဲဆီအနံ့ထည့်ပြီး မြေပဲရောဆီအဖြစ် ရောင်းချနေကြခြင်းဖြစ်သည်ဟုဆိုကြသည်။ ယခုနောက်ပိုင်းတွင် စားအုန်းဆီဈေးများ မြင့်တက်လာသည်နှင့်အမျှ မြေပဲဆီဈေးလည်း မြင့်တက်လာသည်ကို တွေ့နေရသည်။ ❖

## အဓိကအချက်

မြန်မာနိုင်ငံတွင် ထုတ်လုပ်ပြီး၊ ထုတ်လုပ်ဆဲ၊ ထုတ်လုပ်လတ္တံ့သော ရောနှောဆီအပေါင်းသည်လည်း အထက်ပါအကျိုးကျေးဇူးများ ရရှိစေရေးအတွက် ဆောင်ရွက်နိုင်ရန်လိုအပ်လှသည်။ ရောနှောဆီပြုလုပ်ရာတွင် အဓိကအချက်မှာ အရည်အသွေးကောင်းသော စားဆီနှစ်မျိုးကို ရောစပ်ရန်အချက်သည် အဓိကဖြစ်မည်ထင်သည်။ အရည်အသွေးမကောင်းသော ဆီနှစ်မျိုးကိုရောနှောလျှင် ကောင်းသောရောနှောဆီမရနိုင်ပါ။ ၄၀ အချိုး ၆၀ ရောခိုင်းခြင်းသည် အရေအတွက်အချိုးကို ပြောခြင်းဖြစ်သည်။ အချိုးမှန်ကန်ရန်နှင့် အရည်အသွေးမှန်ရန်လိုအပ်သည်။ လက်ရှိအချိန်ထိ အဆိုပါရောနှောဆီအများစုကိုအသိအမှတ်ပြုထားခြင်းရှိသည်မထင်ပါ။ ထို့ပြင် ဝယ်ယူစားသုံးသူများသည် မြေပဲဆီမှ၊ နေကြာဆီမှဆိုသည့်အစွဲအလမ်းများထက် အခြေခံအရည်အသွေး၊ အနံ့ထည့်ထားခြင်းရှိ မရှိ FDA အသိအမှတ် ပြု မပြု စသည့်အချက်များကို သေချာစိစစ်ပြီးမှ ဝယ်ယူစားသုံးကြရန်လည်း လိုအပ်သည်။ ထို့ကြောင့် ယခုကြေညာသော ရောနှောဆီသတ်မှတ်ချက်များကို ကျွန်တော်တို့ စားသုံးသူများအားလုံးက နားလည်ကြရန်လိုအပ်သည်။ စားသုံးဆီဝယ်ယူမည့်သူ၊ ချက်ပြုတ်မည့်သူများသည် ယခုအမိန့်ကြေညာချက်နှင့်တကွ ဆီနှင့်ပတ်သက်သည့် အရည်အသွေးများကို အနည်းငယ်မျှဗဟုသုတဖြည့်ထားရန်လိုအပ်သည်။ ယခုဆိုလျှင် ငယ်ရွယ်စဉ်ပညာရှာ၊ အရွယ်ကောင်းစဉ်ဥစ္စာရှာ၊ အသက်ကြီးလျှင် တရားရှာဟုအဆိုရှိရာ ထိုအဆိုကို ငယ်စဉ်ပညာရှာ၊ အရွယ်ကောင်းစဉ်ဥစ္စာရှာ၊ အသက်ကြီးလျှင် ဆေးဖိုးရှာဟု ကာတွန်းထဲမှစကားကို အတည်ပြုထောက်ခံရမည်ဖြစ်သည်။ ဆေးဖိုးဝါးခများကြီးမားလာသည်နှင့်အမျှ ရောဂါမဖြစ်ရေးကို ကြံတွေးနေရပြီဖြစ်သည်။ ထိုအထဲတွင် စားသုံးဆီအပါအဝင် အစားအသောက်များ၏ အရည်အသွေးသည် ကျန်းမာရေးအတွက် အဓိကကျသဖြင့် အထူးသတိထားရမည်ဖြစ်သည်။ ထုတ်လုပ်သူ၊ ရောင်းဝယ်သူများက ကိုယ်ကျင့်တရားအခြေခံပြီး အစားအသောက်၊ စားသုံးဆီများကို ထုတ်လုပ်ရောင်းဝယ်ရန်လိုအပ်သကဲ့သို့ စားသုံးသူများကလည်း ပညာမျက်စိ၊ ပညာအသိဖြင့် ရွေးချယ်ဝယ်ယူကြရန်လိုအပ်သည်။ စားသုံးဆီကဏ္ဍမှ အသင်းအဖွဲ့များကလည်း အသိပညာပေးခြင်းများကို နည်းလမ်းများစွာဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန် လိုအပ်လှသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ဥပဒေနှင့်အမိန့်ကြော်ငြာစာများကို အသက်ဝင်နေအောင်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ထင်သည်။ ထုတ်လုပ်သမျှ ရောနှောဆီများကို ဝက်ဆီ၊ အမဲဆီများ ပါ၊ မပါ၊ ဝါဈေးဆီကြမ်းများ ပါ၊ မပါ၊ ၄၀ အချိုး ၆၀ တကယ်ရော၊ မရော၊ ရောသောဆီများ ကောင်း၊ မကောင်း သေချာစိစစ်ရန်လည်းလိုအပ်မည်။ ရောနှောဆီများကို ထုတ်လုပ်လာမည့်ပမာဏသည် များစွာကြီးမားနိုင်သည်ကို သတိပြုပြီး စစ်ဆေးမည့်တာဝန်ရှိသူများကို မြို့အလိုက်၊ နယ်အလိုက် တာဝန်များချမှတ်ရန်လိုအပ်လာမည်။ ထိုအချက်များကိုတွေးရင်း စားသုံးဆီကဏ္ဍတွင်ပါဝင်သော ထုတ်လုပ်သူ၊ ရောင်းဝယ်သူ၊ ကြီးကြပ်သူများ၏ ကြီးမားသောတာဝန်များကို ပို၍သတိပြုမိလာသည်။ ထို့ကြောင့် ယခုထုတ်ပြန်သော ရောနှောဆီဆိုင်ရာ အမိန့်ကြော်ငြာစာပါအတိုင်း ထုတ်လုပ်သူများက တိတိကျကျလိုက်နာဆောင်ရွက်ကြပါစေ၊ သက်ဆိုင်သည့် အသင်းအဖွဲ့များကလည်း စားသုံးသူများကို ထိထိရောက်ရောက် အသိပညာပေးနိုင်ကြပါစေ၊ သက်ဆိုင်ရာဌာနများကလည်း သေချာကြပ်မတ်ကွပ်ကဲနိုင်ပါစေဟု စားသုံးသူများအကျိုးမျှော်၍ နိုးဆော်လိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေထောက်ပဲ ၄၀၆၄၂ ဧက ရိတ်သိမ်းပြီးစီး

**ကသာ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေထောက်ပဲ ၄၀၆၄၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေထောက်ပဲများကို ယခုနှစ်ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၄၀၆၄၂ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၇ ဒသမ ၁ တင်း ထွက်ရှိကြောင်း သိရသည်။



"ဆောင်းသီးနှံ စိုက်ပျိုးရာသီက ကသာခရိုင်မှာ မြေထောက်ပဲ ၄၀၆၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မြေထောက်ပဲတွေကိုရိတ်သိမ်းရာမှာ ဒီနေ့ထိစိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို ဆောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်အတွင်း မြို့နယ်အလိုက် မြေထောက်ပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၅၁၇၆ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၃၄၃၀၊ ထီးချိုင့်မြို့နယ်တွင် ၁၇၂၈၅ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၄၇၅၁ ဧက စုစုပေါင်း ၄၀၆၄၂ ဧကဖြစ်ကြောင်း သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် မြေထောက်ပဲ ၃၉၀၀၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၄၀၆၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကသာခရိုင်တွင် မြေထောက်ပဲစိုက်တောင်သူများကို မြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနက မြေထောက်ပဲစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# သုံးခွမြို့နယ် ဦးကြာမှိုင်းပတုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သုံးခွ မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဦးကြာမှိုင်းပတုပ်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုက ဦးကြာမှိုင်းပတုပ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၅၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဦးကြာမှိုင်းပတုပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# စည်းကမ်းသည် တန်ဖိုး

\- စည်းကမ်းသည် လူ့တန်ဖိုး
ဆိုရိုးစကား ဂုဏ်ထင်ပေါ်၊
ဘဝတွေ အနိမ့်အမြင့်
ချင့်ချိန်ကြည့်သော်၊
အောင်မြင်ကြ အကျော်အမော်
လူတော်တွေ စည်းကမ်းရှိ၊
အလုပ်ကို မရပ်မနား
ကြိုးစားလုပ်၏။

\- ကျရှုံးသူ လေ့လာကြည့်
ပေါ်လွင်သိ အကြောင်းအရာ၊
အချိန်ကို အလွန်ဖြုန်း
သုံးနေကြတာ၊
စည်းကမ်းက ကင်းမဲ့စွာ
နောင်တဟာ တစ်ပွေ့တစ်ပိုက်၊
လောကဝယ် အသုံးမကျတဲ့
စွန့်ပစ်အမှိုက်။

\- လောကမှာ လူဖြစ်ခိုက်
ကြိုးစားလိုက် မိတ်ဆွေ၊
အလုပ်ကို စည်းကမ်းရှိ
လုပ်ကြည့်ပါလေ၊
ဇွဲလုံ့လ ဝီရိယစေ
ပျင်းစိတ်တွေ ကြိုရှောင်ရှား၊
ဦးတည်ရာ ပန်းတိုင်သို့
(မိတ်ဆွေတို့ရေ. . . )
ရောက်ဖို့ကြိုးစား။ ။

**ချစ်သက်(မြန်မာစာ)**

# မိုင်းတုံမြို့နယ် နားပါကော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းတုံ မေ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် မဲကင်ကျေးရွာအုပ်စု နားပါကော်ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက နားပါကော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နားပါကော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄၈ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်ထံမှ သိရသည်။

**မောင်ရိုင်**

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင်နှင့် အဇာဘိုင်ဂျန်သမ္မတ အီလ်ဟမ်အလီယက်ဗ်တို့ ဧပြီ ၂၂ ရက်တွင် တွေ့ဆုံဆွေးနွေးမည်



**မော်စကို ဧပြီ ၂၀**

လာမည့် ဧပြီ ၂၂ ရက်တွင် ရုရှားသမ္မတပူတင်အနေဖြင့် အဇာဘိုင်ဂျန်သမ္မတ အီလ်ဟမ်အလီယက်ဗ်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

သမ္မတပူတင်နှင့် သမ္မတအလီယက်ဗ်တို့အနေဖြင့် ဧပြီ ၂၂ ရက် ဆွေးနွေးပွဲတွင် ရုရှားနှင့် အဇာဘိုင်ဂျန် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအခြေအနေနှင့် ဒေသတွင်းပြဿနာများကိုဆွေးနွေးမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဇာဘိုင်ဂျန်နိုင်ငံ ကာရာဘက်ခ်ဒေသနှင့် အခြားဒေသများမှ ရုရှားငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များ စတင်ရုပ်သိမ်းနေချိန်တွင် သမ္မတပူတင်နှင့် အဇာဘိုင်ဂျန်သမ္မတတို့ တွေ့ဆုံဆွေးနွေးမည့် သတင်းပေါ်ထွက်လာခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် အဇာဘိုင်ဂျန်နိုင်ငံ ကာရာဘက်ခ်ဒေသနှင့်အခြားဒေသများ၌ ရုရှားတပ်ဖွဲ့ဝင်ပေါင်း ၂၀၀၀ နီးပါး တပ်စွဲထားကြောင်း သိရသည်။

ရုရှားနိုင်ငံသည် အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနိုင်ငံတို့ ၂၀၂၀ ပြည့်နှစ်အတွင်းရယူထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ အဆိုပါငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကို အဇာဘိုင်ဂျန်၌ တပ်စွဲထားခြင်းဖြစ်သည်။

ရုရှားငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်များအား အဇာဘိုင်ဂျန်မှ ပြန်လည်ရုပ်သိမ်းနေမှုကို ရုရှားအစိုးရက ဧပြီ ၁၇ ရက်တွင် အတည်ပြုကြေညာထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## စွမ်းအင်အကျပ်အတည်းအတွက် အရေးပေါ် အခြေအနေပြဋ္ဌာန်းချက် အီကွေဒေါသမ္မတကြေညာ

**ကွီတို ဧပြီ ၂၀**

အီကွေဒေါသမ္မတ ဒန်နီယယ် နိုဘိုဝါသည် ဧပြီ ၁၉ ရက်တွင် စွမ်းအင် အကျပ်အတည်းကြောင့် ဒုတိယအကြိမ်အဖြစ် အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်ကို ကြေညာထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အီကွေဒေါနိုင်ငံသည် စွမ်းအင်အကျပ်အတည်းနှင့်ရင်ဆိုင်နေရပြီး လျှပ်စစ်ဓာတ်အားကို ခွဲတမ်းစနစ်ဖြင့် သုံးစွဲနေရသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း စတင်အာဏာရရှိခဲ့သည့် သမ္မတ နိုဘိုဝါသည် ယခုရက်သတ္တပတ်အစောပိုင်းကလည်း စွမ်းအင်ဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ကြေညာခဲ့ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို လျှော့ချခဲ့သည်။

ဧပြီ ၁၉ ရက်တွင် ကြေညာခဲ့သော ဒုတိယမြောက်အရေးပေါ်အခြေအနေ ကြေညာချက်မှာ လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရေးအတွက် ရည်ရွယ်ကြောင်း အီကွေဒေါသမ္မတ၏ အမိန့်ဒီကရီ၌ ဖော်ပြထားသည်။

သမ္မတ နိုဘိုဝါ ဧပြီ ၁၉ရက်တွင် ထုတ်ပြန်ခဲ့သော အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်မှာ သက်တမ်းအားဖြင့် ရက်ပေါင်း၆၀ ထိရှိမည်ဖြစ်ပြီး စွမ်းအင်ကဏ္ဍ အခြေခံအဆောက်အအုံများလုံခြုံရေးအတွက် လက်နက်ကိုင်တပ်ဖွဲ့ဝင်များစေလွှတ်ပေးမည်ဖြစ်သည်။

အီကွေဒေါသမ္မတ နိုဘိုဝါသည် ရာဇဝတ်မှု မြင့်တက်လာမှုကို ထိန်းချုပ်ရေးအတွက် ယခုနှစ် ဇန်နဝါရီလတွင် ပထမဆုံး အရေးပေါ်အခြေအနေပြဋ္ဌာန်းချက် ကြေညာထားပြီး ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## နိုင်ဂျာ၌ တပ်စွဲထားသည့်တပ်ဖွဲ့ဝင်များကို အမေရိကန်နိုင်ငံ ပြန်လည်ရုပ်သိမ်းမည်

**ဝါရှင်တန် ဧပြီ ၂၀**

နိုင်ဂျာနိုင်ငံ၌ တပ်စွဲထားသည့် တပ်ဖွဲ့ဝင်များကို အမေရိကန်နိုင်ငံက ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း အမေရိကန်အစိုးရသတင်းအရင်းအမြစ်များက ဧပြီ ၁၉ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကာ့ကမ်းဘဲလ်နှင့် နိုင်ဂျာခေါင်းဆောင်များအရ ရယူထားသည့် သဘောတူညီချက်အရ နိုင်ဂျာ၌တပ်စွဲထားသောတပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းရန် အမေရိကန်အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်အထိ နိုင်ဂျာနိုင်ငံ၌တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၀၀၀ စွန်းစွန်းထိရှိကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ဆာဟဲလ်ဒေသရှိအစ္စလာမ်မစ်စစ်သွေးကြွများကို ချေမှုန်းရေးအတွက် အမေရိကန်တပ်များအနေဖြင့် ၂၀၁၈ ခုနှစ်မှစ၍ နိုင်ဂျာနိုင်ငံ၌ တပ်စွဲထားခြင်းဖြစ်သည်။

သို့သော် ၂၀၂၃ ခုနှစ်တွင် နိုင်ဂျာခေါင်းဆောင်များသည် အမေရိကန်နိုင်ငံနှင့် ရယူထားသည့် စစ်ရေးစစ်ရာ သဘောတူညီချက်များကို အဆုံးသတ်၍ တပ်များပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။

အမေရိကန် မီဒီယာများ၏အဆိုအရနိုင်ဂျာနိုင်ငံရှိ အမေရိကန်တပ်များအနေဖြင့်လည်း လာမည့်လများအတွင်း စတင်ရုပ်သိမ်းနိုင်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



## အရှေ့အလယ်ပိုင်းဒေသ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အိုင်အမ်အက်ဖ်ပြင်ဆင်သတ်မှတ်

**ဝါရှင်တန် ဧပြီ ၂၀**

အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ မျှော်လင့်ထားသည်ထက် ပို၍ နှေးကွေးသွားနိုင်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ဧပြီ ၁၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိက ဒေသတို့၏ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းသာ ရှိနိုင်ကြောင်း အိုင်အမ်အက်ဖ်က ထုတ်ပြန်ထားသည့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုမျှော်မှန်းချက်အစီရင်ခံစာ၌ ဖော်ပြထားသည်။



ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ထုတ်ပြန်ခဲ့သောဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုနှုန်းမျှော်မှန်းချက်အစီရင်ခံစာတွင် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသတို့၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၃ ဒသမ ၄ ရာခိုင်နှုန်းထိရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

ဂါဇာစစ်ပွဲပင်လယ်နီရေကြောင်းလမ်းများတိုက်ခိုက်ခံရမှုနှင့် ကမ္ဘာ့ရေနံထုတ်လုပ်မှုနှုန်းကျဆင်းလာမှုတို့ကြောင့် အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကတို့၏ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ပြန်လည်ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဒေသတွင်းပြဿနာများ ၂၀၂၅ ခုနှစ်တွင် ပြီးဆုံးခဲ့ပါက အရှေ့အလယ်ပိုင်းဒေသစီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၄ ဒသမ ၂ရာခိုင်နှုန်းထိရှိနိုင်ကြောင်း အိုင်အမ်အက်ဖ်က ခန့်မှန်းထားသည်။

ဂါဇာကမ်းမြောင်နှင့် အစ္စရေးစစ်ပွဲသည် အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကဒေသများ၏ စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းအတွက် အဓိကပြဿနာတစ်ရပ်ဖြစ်ကြောင်း အိုင်အမ်အက်ဖ်က သုံးသပ်ထားသည်။

**Ref : Xinhua**

**Trs : KKO**

## တက်စလာအကြီးအကဲ အီလွန်မက် အိန္ဒိယခရီးစဉ် ရွှေ့ဆိုင်း

**နယူးယောက် ဧပြီ ၂၀**

အမေရိကန်နိုင်ငံ အခြေစိုက် တက်စလာ လျှပ်စစ်ကားကုမ္ပဏီအကြီးအကဲ အီလွန်မက်သည် အိန္ဒိယနိုင်ငံခရီးစဉ်ကို ရွှေ့ဆိုင်းထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြခဲ့သည်။

တက်စလာကုမ္ပဏီအမှုဆောင်အရာရှိချုပ် အီလွန်မက်သည် လာမည့် ရက်သတ္တပတ်အတွင်း အိန္ဒိယနိုင်ငံသို့ သွားရောက်၍ အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့်တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

သို့သော် တက်စလာကုမ္ပဏီ၏ လုပ်ငန်းတာဝန်များကြောင့် လက်ရှိစီစဉ်ထားသည့် အိန္ဒိယခရီးစဉ်ကို ယခုနှစ်ကုန်ပိုင်းထိ ရွှေ့ဆိုင်းထားကြောင်း အီလွန်မက်က ယနေ့တွင် အတည်ပြုပြောကြားထားသည်။

အိန္ဒိယခရီးစဉ်ကာလအတွင်း အီလွန်မက်သည် အိန္ဒိယအာကာသနည်းပညာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

တက်စလာအကြီးအကဲ အီလွန်မက်သည် မကြာမီကာလအတွင်း အိန္ဒိယနိုင်ငံ၌ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံမှ သုံးဘီလီယံထိရင်းနှီးမြှုပ်နှံမည့်အစီအစဉ်ကြေညာဖွယ်ရှိကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကို အိန္ဒိယနိုင်ငံ၌ တက်စလာလျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်စက်ရုံ တည်ဆောက်ရေးအတွက် အဓိကအသုံးပြုမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာနှင့်ဘိုးရင်းကုမ္ပဏီက စီအက်စ်တီ-၁၀၀ စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ကနေဒီအာကာသစခန်းသို့ပို့ဆောင်၍ အက်တလပ်စ်ဒုံးပျံ၌ တပ်ဆင်ထား



**ဝါရှင်တန် မေ ၂၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ဘိုးရင်းကုမ္ပဏီသည် စီအက်စ်တီ-၁၀၀ စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ကနေဒီအာကာသစခန်းသို့ ပို့ဆောင်၍ အက်တလပ်စ်ဒုံးပျံ၌တပ်ဆင်ထားကြောင်း မေ ၁၉ ရက် သတင်းများအရ သိရသည်။

နာဆာနှင့်ဘိုးရင်းကုမ္ပဏီသည် စီအက်စ်တီ-၁၀၀ စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို မေ ၁၆ ရက်တွင် ကနေဒီအာကာသစခန်း ပစ်စင်အမှတ်-၄၁ သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

နာဆာနှင့်ဘိုးရင်းကုမ္ပဏီသည် မေ ၆ ရက်တွင် စီအက်စ်တီ-၁၀၀ စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို အာကာသယာဉ်မှူးများနှင့်အတူ အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

နာဆာနှင့်ဘိုးရင်းကုမ္ပဏီသည် စီအက်စ်တီ-၁၀၀ စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသည့် စမ်းသပ်လွှတ်တင်မှု နှစ်ကြိမ် ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

မေ ၆ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော စတားလိုင်နာ မစ်ရှင်တွင် ပထမဆုံးအကြိမ်အဖြစ် အာကာသယာဉ်မှူးနှစ်ဦး လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။

ဘိုးရင်းကုမ္ပဏီသည် နာဆာအဖွဲ့နှင့်ရယူထားသည့် သဘောတူညီချက်အရ နိုင်ငံတကာ အာကာသစခန်း အာကာသလူသယ်ယာဉ်မစ်ရှင်များအတွက် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို တည်ဆောက် စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Dragonfly အာကာသယာဉ်ကို စနေဂြိုဟ်၏ဂြိုဟ်ရံလဖြစ်သည့် တိုက်တန်ဂြိုဟ်ရံလဆီသို့ ၂၀၂၈ ခုနှစ် ဇူလိုင်လတွင် လွှတ်တင်ရန်စီစဉ်ထား

**ဝါရှင်တန် မေ ၂၀**

Dragonfly အမည်ရှိအာကာသယာဉ်ကို စနေဂြိုဟ်၏ဂြိုဟ်ရံလဖြစ်သည့် တိုက်တန်ဂြိုဟ်ရံလဆီသို့ ၂၀၂၈ ခုနှစ် ဇူလိုင်လတွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က မေ ၁၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

နာဆာ၏ အထက်ပါဆုံးဖြတ်ချက်အရ Dragonfly မစ်ရှင်တာဝန်ရှိသူများအနေဖြင့် အဆိုပါအာကာသယာဉ်ကို လွှတ်တင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နေသည်။

လက်ရှိအချိန်တွင် Dragonfly အာကာသယာဉ်ကို မေရီလန်း ပြည်နယ် ဂျွန်ဟော့ကင်းအသုံးချ ရူပဗေဒဌာန၌ တည်ဆောက်နေပြီး ဖြစ်ကြောင်း သိရသည်။



လွှတ်တင်ပြီးချိန်တွင် Dragonfly နျူကလီးယားစွမ်းအင်သုံး ပန်ကာတပ် အာကာသယာဉ်သည် တိုက်တန်ဂြိုဟ်ရံလသို့ ၂၀၃၄ ခုနှစ်တွင် ရောက်ရှိမည်ဖြစ်သည်။

တိုက်တန်ဂြိုဟ်ရံလပေါ်သို့ ရောက်ချိန်တွင် Dragonfly အာကာသယာဉ်သည် အဆိုပါဂြိုဟ်ရံလ၏ ဇီဝအကျိုးပြုဓာတုတုံ့ပြန်မှုဖြစ်စဉ်များကို လေ့လာမည်ဖြစ်သည်။

စနေဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရံလဖြစ်သော တိုက်တန်ဂြိုဟ်ရံလသည် ထူထဲသည့်လေထုလွှာ ဖုံးလွှမ်းထားပြီး ပင်လယ်ပြင်များလည်း တည်ရှိသည့် နေအဖွဲ့အစည်း၏ တစ်ခုတည်းသော ဂြိုဟ်ရံလဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ရောမသားပိုက်ကောင်ကြီးများ လွန်ခဲ့သည့်နှစ်ပေါင်း ငါးသန်းခန့်တွင် ဩစတြေးလျနိုင်ငံ၌ ရှင်သန်ကျက်စားခဲ့ကြ

**ကင်ဘာရာ မေ ၂၀**

အရွယ်အစားအားဖြင့် လူသားများထက်ပင်နှစ်ဆ ပိုကြီးမားသော ရောမ သားပိုက်ကောင်ကြီးများသည် လွန်ခဲ့သည့်နှစ်ပေါင်းငါးသန်းခန့်တွင် ဩစတြေးလျနိုင်ငံ၌ရှင်သန်ကျက်စားခဲ့ကြကြောင်း မေ ၁၉ ရက် သတင်းများအရ သိရသည်။

ဖလန်းဒါးတက္ကသိုလ်မှ ဩစတြေးလျ သိပ္ပံပညာရှင်များသည် အရွယ်အစားအလွန်ကြီးမားသည့် သားပိုက်ကောင် မျိုးစိတ်သစ်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

အဆိုပါသားပိုက်ကောင် မျိုးစိတ်သစ်များအနက် အရွယ်အစားအကြီးမားဆုံး မျိုးစိတ်မှာ Protenmodon Viator ဟူ၍ အမည်ပေးထားသော သားပိုက်ကောင်မျိုးစိတ်ဖြစ်ကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားသည်။

Protenmodon Viator သားပိုက်ကောင်များသည် ကိုယ်အလေးချိန် ကီလိုဂရမ် ၁၇၀ ထိရှိနိုင်သည်ဟု ဩစတြေးလျသိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

အဆိုပါသားပိုက်ကောင် မျိုးစိတ်သစ်သည် ယနေ့ခေတ်သားပိုက်ကောင်များနှင့် ပုံစံချင်းတူကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Protenmodon Viator သားပိုက်ကောင်များသည် လွန်ခဲ့သော နှစ်ပေါင်း ငါးသန်းခန့်က စတင်ပေါ်ထွက်လာဖွယ်ရှိပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀၀ ခန့်တွင် ပျောက်ကွယ်သွားခဲ့ဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာရှိသူများ နှလုံးခုန်ရပ်တရက်ရပ်နိုင်ခြေ မြင့်မားနိုင်

**ကိုပင်ဟေဂင် မေ ၂၀**

နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာရှိနေသူများသည် လေဖြတ်နိုင်ခြေထက် နှလုံးခုန်ရပ်တရက်ရပ်နိုင်ခြေ ပိုမြင့်မားနိုင်ကြောင်း မေ ၁၉ ရက် သတင်းများအရ သိရသည်။

နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာ (Atrial Fibrillation) ရှိနေသူများတွင် လေဖြတ်နိုင်ခြေမြင့်မားလာနိုင်သည်ဟု ဆေးပညာရှင်များက သတိပေးထားပြီးဖြစ်သည်။

သို့ရာတွင် ဒိန်းမတ် သုတေသနပညာရှင်များ၏အဆိုအရ နှလုံးခုန်နှုန်း မူမမှန်မှုပြဿနာရှိနေသူများတွင် နှလုံးခုန်ရပ်တရက်ရပ်နိုင်ခြေမြင့်မားမှုမှာ လေဖြတ်နိုင်ခြေ မြင့်မားမှုထက် ပို၍အန္တရာယ်ကြီးမားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာ ပေါ်ထွက်ပြီးနောက်တွင် နှလုံးခုန်ရပ်တရက်ရပ်တန့်မှုပြဿနာမှာ အကြိမ်ရေအများဆုံး ပေါ်ထွက်လာသည့်ပြဿနာ ဖြစ်နေသည်ကို တွေ့ရကြောင်း ဒိန်းမတ်သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာ ပေါ်ထွက်လာခဲ့ပြီးနောက် နှလုံးခုန်ရပ်တရက်ရပ်နိုင်ခြေသည် လေဖြတ်နိုင်ခြေထက် နှစ်ဆပိုမြင့်မားကြောင်း သိရသည်။

ဒိန်းမတ် သုတေသနပညာရှင်များသည် လူပေါင်း ၃ ဒသမ ၅ သန်းတို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကျန်းမာရေးနှင့် ညီညွတ်သည့်ဓာတ်စာများ စားခြင်းဖြင့် ရင်သားကင်ဆာရောဂါသက်သာနေသူများ၌ နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် မေ ၂၀**

ကျန်းမာရေးနှင့်ညီညွတ်သည့် ဓာတ်စာများ စားသုံးခြင်းဖြင့် ရင်သားကင်ဆာရောဂါမှ ပြန်လည်သက်သာလာသူများ၌ နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက မေ ၁၉ ရက်တွင် ပြောကြားသည်။

နှလုံးရောဂါသည် ရင်သားကင်ဆာရောဂါမှ ပြန်လည်သက်သာလာသူ အမျိုးသမီးလူနာများ အသက်ဆုံးပါးရခြင်း၏ အဓိကအကြောင်းတရားတစ်ရပ်ဖြစ်သည်။

ဓာတုကုထုံး၊ ဓာတ်ရောင်ခြည်ကုထုံးနှင့် အခြားပစ်မှတ်ရွေးချယ်အသုံးပြုသည့် ကင်ဆာကုထုံးများ၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် ရင်သားကင်ဆာရောဂါမှ ပြန်လည်သက်သာလာသူ အမျိုးသမီးများအနေဖြင့် နှလုံးရောဂါကြောင့် အသက်ဆုံးပါးနေရခြင်းဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် ရင်သားကင်ဆာရောဂါမှ ပြန်လည်သက်သာလာသူ အမျိုးသမီးများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော ဓာတ်စာများ စားသုံးခြင်းဖြင့် နှလုံးရောဂါခံစားရနိုင်ခြေကို လျှော့ချနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ DASH ခေါ် နှလုံးကျန်းမာရေးကိုအားပေးသည့် ဓာတ်စာပုံစံတစ်မျိုးမှာ ရင်သားကင်ဆာလူနာများ၏ ကျန်းမာရေးအတွက်အကျိုးရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ရင်သားကင်ဆာလူနာအမျိုးသမီး ၃၄၀၀ ကျော်ကိုအချိန်ယူလေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# တာလီဘန်တို့လက်ဝယ်သို့ရောက်သွားသော နိုင်ငံတကာအထောက်အပံ့များ

ဝင်းဇင်(သုတေသန)

ကုလသမဂ္ဂသည် အာဖဂန်နစ္စတန်ကို တာလီဘန်တို့ စတင်ထိန်းချုပ်ကတည်းက အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံကျော် ပံ့ပိုးကူညီပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အမေရိကန်တို့၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရန်ပုံငွေများသည် တာလီဘန်တို့လက်ဝယ်သို့ရောက်ရှိသွားကြောင်း သမ္မတဂျိုးဘိုင်ဒင် အစိုးရအဖွဲ့က အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂသည် အာဖဂန်နစ္စတန်ရှိ ပုဂ္ဂလိကဘဏ်တစ်ခု၌ ငွေစုဆောင်းပြီးနောက် ကုလသမဂ္ဂ၏ ပံ့ပိုးကူညီရေးဆိုင်ရာ အဖွဲ့အစည်းများနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသို့ ငွေထုတ်ပေးခြင်းဖြစ်ကြောင်း၊ သို့သော် အဆိုပါဖွံ့ဖြိုးရေးရန်ပုံငွေများသည် ပရဟိတအဖွဲ့အစည်းများလက်ဝယ်၌ အဆုံးသတ်သွားသည်မဟုတ်ကြောင်း၊ အချို့သောငွေများသည် တာလီဘန်တို့ထိန်းချုပ်ထားသော အာဖဂန်နစ္စတန်ဗဟိုဘဏ်သို့ရောက်ရှိသွားကြောင်း အစီရင်ခံစာ၌ဖော်ပြထားသည်။အမှန်တွင် တာလီဘန်အဖွဲ့သည် ၂၀၂၁ ခုနှစ် ဩဂုတ်လ၌ နိုင်ငံတွင်းမှ အမေရိကန်တပ်ဖွဲ့များရုပ်သိမ်းသွားပြီးနောက်ပိုင်း အာဖဂန်နစ္စတန်ကို ထိန်းချုပ်ထားရှိသည်။

ကုလသမဂ္ဂမှတစ်ဆင့် အာဖဂန်နစ္စတန်သို့ရောက်ရှိသွားသော ငွေအများစုသည် အမေရိကန်နိုင်ငံသားများ၏ အခွန်အခပေးဆောင်ထားသော ဘဏ္ဍာငွေများဖြစ်ကြောင်း၊ ၎င်းငွေများသည် တာလီဘန်တို့လက်ဝယ်ဆီသို့ စီးဆင်းနေကြောင်း၊ တာလီဘန်အဖွဲ့သည် အကြမ်းဖက်အဖွဲ့များ၏ အဖွဲ့ခွဲတစ်ခုဖြစ်ကြောင်း အမေရိကန်စာရင်းစစ်ချုပ် ဂျွန်ဆော့ပ်ကိုက တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ပြောကြားသွားခဲ့သည်။ အာဖဂန်နစ္စတန်ကိုပံ့ပိုးသောငွေကြေးများသည် ဗဟိုဘဏ်သို့တိုက်ရိုက်စီးဆင်းလျက်ရှိကြောင်း၊ အာဖဂန်နစ္စတန်ကို တာလီဘန်တို့ထိန်းချုပ်ထားသဖြင့် ထိုသို့စီးဆင်းနေမှုကို ရှောင်လွှဲ၍မရကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောဆိုလျက်ရှိသည်။

သို့သော် အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ရိုဇာအိုတွန်ဘာယဲဘာကမူ အာဖဂန်နစ္စတန်ဗဟိုဘဏ်နှင့်စပ်လျဉ်း၍ ထုတ်ဖော်ပြောဆိုခြင်းမရှိဘဲ ငွေကြေးပံ့ပိုးမှုများသည် တိုင်းပြည်စီးပွားရေးတည်ငြိမ်မှုကို အထောက်အပံ့ဖြစ်သည့်အပြင် အလွန်အမင်းလိုအပ်ချက်ဖြစ်နေသော အာဖဂန်နစ္စတန်ပြည်သူများကို ဆေးဝါးစောင့်ရှောက်မှုနှင့် စားနပ်ရိက္ခာပံ့ပိုးမှုများ လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငွေကြေးပံ့ပိုးမှုများသည် ဒေသဆိုင်ရာစီးပွားရေးလုပ်ငန်းများကိုလည်း ဘဏ္ဍာငွေအထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့နောက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများလည်ပတ်နိုင်ပြီး ဘဏ္ဍာငွေအကျပ်အတည်းများကို ကျော်လွှားစေနိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို ပြောကြားသွားခဲ့သည်။

စာရင်းစစ်ချုပ်၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ အမေရိကန်လွှတ်တော်ရေးရာဌာနက ကုလသမဂ္ဂသည် ငွေကြေးလွှဲပြောင်းမှုအစီအစဉ်စီမံခန့်ခွဲရေးအတွက် တာဝန်ရှိကြောင်း၊ မိမိတို့အနေဖြင့် အာဖဂန်နစ္စတန်ပြည်သူများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ဆက်လက်ပေးအပ်သွားရန် အခိုင်အမာသန္နိဋ္ဌာန်ချထားကြောင်း၊ ပံ့ပိုးကူညီမှုအစီအစဉ်များကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်းနှင့် အမေရိကန်အကူအညီများသည် တာလီဘန်အဖွဲ့ကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေခြင်း၊ သို့တည်းမဟုတ် မသက်ဆိုင်သူများလက်ဝယ်သို့ ရောက်ရှိသွားနိုင်သည့်အန္တရာယ်များကို လျှော့ချနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

အမေရိကန်အနေဖြင့် တာလီဘန် လက်ဝယ်သို့ငွေကြေးများ ဆက်လက်စီးဆင်းနေမှုကိုတားမြစ်နိုင်သည့် လုပ်ငန်းစဉ်များ ပိုမိုလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ရောက်ရှိနေခြင်းသည် လက်မခံနိုင်စရာပင်ဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများမှ တာလီဘန်တို့ အကျိုးအမြတ်ရရှိနေမှုကို အမေရိကန်အစိုးရအနေဖြင့် ပိုမိုတားဆီးသွားရမည်ဖြစ်ကြောင်း အောက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ မိုင်ခေးအမ်စီကောလ်က ပြောကြားသွားခဲ့သည်။

အမေရိကန်အစိုးရအဖွဲ့၏ ပြောကြားချက်များနှင့်စပ်လျဉ်း၍ အာဖဂန်နစ္စတန်ဗဟိုဘဏ် ပြောရေးဆိုခွင့်ရှိသူက တစ်စုံတစ်ရာတုံ့ပြန်ခဲ့ခြင်း မရှိပေ။



အာဖဂန်နစ္စတန်ပြည်သူတချို့ကို တွေ့ရစဉ်။

တာလီဘန်တို့ စတင်ထိန်းချုပ်ကတည်းကပင် အာဖဂန်နစ္စတန်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ ရင်ဆိုင်ရလျက်ရှိပြီး ပြည်သူသန်း ၂၀ ခန့်သည် စားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် အခြားသောအခြေခံလိုအပ်ချက်များ ပြတ်လပ်လျက်ရှိသည်။ ထို့ပြင် တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို ၂၀၂၃ ခုနှစ်အတွင်း မြေငလျင်လှုပ်ခတ်ခဲ့မှုသည် ပြည်သူ ၁၂၀၀ ကျော်သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ အိမ်ခြေရာမဲ့ဖြစ်ခဲ့ရသည်။ အမျိုးသမီးများ၏ရပိုင်ခွင့်အခွင့်အရေးများကို ဆိုးဆိုးရွားရွား တားဆီးပိတ်ဆို့လျှော့ချလျက်ရှိသည်။ အထူးသဖြင့် မိန်းကလေးငယ်များသည် ပညာသင်ယူခွင့် အခွင့်အလမ်း ဆုံးရှုံးလျက်ရှိသည်။

အမေရိကန်သည် အာဖဂန်နစ္စတန်ကို အကူအညီပေးအပ်ရာတွင် အဓိကအလှူရှင်အဖြစ် ဆက်လက်ရပ်တည်နေဆဲပင်ဖြစ်သည်။ ယခင် အာဖဂန်အစိုးရ စတင်ပြိုကွဲကတည်းက အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံခန့် ပံ့ပိုးလှူဒါန်းထားပြီးဖြစ်သည်။ သို့သော် ပံ့ပိုးကူညီငွေများ မသမာသူလက်ဝယ်သို့ရောက်ရှိသွားသည့်ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်သည် သိမ်မွေ့နက်နဲလျက်ရှိသည်။ အမေရိကန် တာဝန်ရှိသူများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အသုံးပြုမည့် အာဖဂန်နစ္စတန်ဆိုင်ရာ ရန်ပုံငွေများကို ဗဟိုဘဏ်မှလက်ခံခြင်းကိုမူ တားမြစ်ပိတ်ဆို့ထားရှိသည်။ ထို့ထက် ပြတ်ပြတ်သားသား ဆောင်ရွက်သွားရမည်ဆိုလျှင် အမေရိကန်အစိုးရအနေဖြင့် အာဖဂန်နစ္စတန်ကို ပံ့ပိုးငွေ ဆက်လက်မပေးဘဲ ရပ်ဆိုင်းသွားရတော့မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မက်သရူးမစ်လာက ပြောကြားသွားခဲ့သည်။

စာရင်းစစ်ချုပ်အစီရင်ခံစာ၌ အာဖဂန်နစ္စတန်ကို အကူအညီများပေးအပ်နေမှုအပေါ် မေးခွန်းထုတ်ထားသော်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမေရိကန်အေဂျင်စီ(USAID)ကမူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကြိုးပမ်းမှုများအတွက် ကုလသမဂ္ဂသို့ ငွေကြေး ဆက်လက်ပံ့ပိုးပေးလျက်ရှိသည်။ ကုလသမဂ္ဂကလည်း အာဖဂန်နစ္စတန်တွင် အခြေခံအဆောက်အအုံများဆောက်လုပ်ရာ၌ ငွေကြေးလိုအပ်မှုများရှိနေသည့်အတွက် ဘဏ္ဍာငွေဆက်လက်ပံ့ပိုးသွားရန်လိုအပ်ကြောင်း ပြောဆိုလျက်ရှိသည်။

ကုလသမဂ္ဂသည် နယူးယောက်မြို့ရှိ Federal Reserve ဘဏ်မှငွေများထုတ်ယူပြီးနောက် အမေရိကန်ဒေါ်လာများကို လေယာဉ်ဖြင့် ကဘူးလ်နိုင်ငံတကာလေဆိပ်သို့ ပို့ဆောင်ခဲ့သည်။ တစ်ခေါက်လျှင် အမေရိကန်ဒေါ်လာ သန်း ၄၀ ခန့်သယ်ဆောင်ခဲ့သည်။ အာဖဂန်နစ္စတန်ရှိ ထောက်ပံ့ကူညီရေးအေဂျင်စီများသည် အမေရိကန်ဒေါ်လာများ လက်ခံရရှိသည်နှင့် အလုပ်သမားခနှင့် အခြားအသုံးစရိတ်များပေးချေရန် အာဖဂန်နစ္စတန်ငွေကြေးနှင့် ချက်ချင်းလဲလှယ်ကြရသည်။ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် အမေရိကန်ဒေါ်လာကို ပုဂ္ဂလိကငွေလဲကောင်တာများတွင် လဲလှယ်ကြရသည်။ငွေလဲကောင်များအနေဖြင့်လည်း ဗဟိုဘဏ်မှအာဖဂန်နစ္စတန်ငွေကြေးကို အမေရိကန်ဒေါ်လာဖြင့် ပြန်လည်ဝယ်ယူကြရသည်။

တာလီဘန်ခေါင်းဆောင်များသည် ဗဟိုဘဏ်ကို ထိန်းချုပ်ထားရှိကြောင်း၊ အာဖဂန်နစ္စတန်ဗဟိုဘဏ်သည် အကြမ်းဖက်အဖွဲ့များသို့ ငွေကြေးစီးဆင်းမှုသို့မဟုတ် ငွေကြေးခဝါချမှုတို့ကို တားဆီးနိုင်သည့်စနစ်မရှိကြောင်း၊ USAID တွင် လေ့လာမှုစစ်တမ်းများရှိကြောင်း၊ ဘဏ်မှငွေများထုတ်ပြီးနောက်ပိုင်းတွင်လည်း စိုးရိမ်ပူပန်စရာများရှိနေကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နေသည့် ပရဟိတအဖွဲ့အစည်းများသည် တစ်ခါတစ်ရံ တာလီဘန်တို့က ငွေပေးရန်ဖိအားပေးခံရမှုများရှိကြောင်း၊ ဒေသဆိုင်ရာ တာလီဘန်ခေါင်းဆောင်များသည် ကုလသမဂ္ဂနှင့် ထောက်ပံ့ကူညီရေးအဖွဲ့များကို ၎င်းတို့၏အဖွဲ့ဝင်များနှင့်ဆွေမျိုးများကိုသာ အလုပ်အကိုင် ငှားရမ်းသွားရန် သို့မဟုတ် မုဆိုးမများနှင့် ဒဏ်ရာရရှိထားသော စစ်သွေးကြွများကို ဦးစားပေးပြုစုစောင့်ရှောက်သွားရန် တောင်းဆိုမှုများရှိနေကြောင်း အမေရိကန်စာရင်းစစ်ချုပ် ဂျွန်ဆော့ပ်ကို၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကုလသမဂ္ဂအရာရှိတစ်ဦးကမူ အာဖဂန်နစ္စတန်နိုင်ငံအတွက်ပေးအပ်သော ပံ့ပိုးကူညီမှုများသည် ခံစားခွင့်မရှိသူများလက်ဝယ်သို့ ရောက်ရှိနေကြောင်း၊ တာလီဘန်တို့သည် ၎င်းတို့၏ဦးစားပေးအစီအစဉ်များကြောင့် ပံ့ပိုးကူညီမှုများခွဲဝေမှုကို ထိန်းချုပ်ရန်ကြိုးပမ်းလျက်ရှိကြောင်း၊ ပံ့ပိုးကူညီမှုလုပ်ငန်းများ ရပ်ဆိုင်းပြီး အခြားနည်းလမ်းများ ရှာဖွေသွားသင့်ကြောင်း၊ အပြုသဘောဆောင်ပြီး ပွင့်လင်းမြင်သာမှုရှိသောနည်းလမ်းများဖြင့်သာ အကူအညီပေးအပ်သွားသင့်ကြောင်း ပြောကြားသွားခဲ့သည်။

စစ်ဘေးဒဏ်သင့်နိုင်ငံများတွင် ပြည်ပအကူအညီများပေးအပ်ရာ၌ မသက်ဆိုင်သူများလက်ဝယ်သို့ ရောက်ရှိသွားသည့်အန္တရာယ်သည် အမေရိကန်နှင့် အခြားသောနိုင်ငံများကို ဒုက္ခပင်လယ်ဝေစေလျက်ရှိသည်။ ထိုသို့ ဖြစ်ပွားမှုရပ်တန့်သွားနိုင်သည့်နည်းလမ်းသည် စစ်ဘေးသင့်နိုင်ငံများသို့ ငွေကြေးစီးဆင်းမှု ရပ်တန့်သွားရန်သာဖြစ်သည်။ သို့သော် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်နေသည့် အဖွဲ့အစည်းများကမူ ထိုသို့ငွေကြေးအကူအညီပေးအပ်မှုရပ်ဆိုင်းသွားမည်ဆိုလျှင် ဆာလောင်မွတ်သိပ်မှုများ သို့မဟုတ် ဒေသတွင်းစီးပွားရေးလုပ်ငန်းပြိုလဲမှုများကဲ့သို့သော ဆိုးရွားသော နောက်ဆက်တွဲဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။

မည်သို့ပင်ဆိုစေ အာဖဂန်နစ္စတန်တွင် လက်ရှိရင်ဆိုင်နေရသောပြဿနာများအတွက် အမေရိကန်တွင် တာဝန်ရှိနေသည်။ ထိခိုက်လွယ်အုပ်စုများကို ရန်ပုံငွေခွဲဝေပေးအပ်ရေးသည် လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုခန့်ကတည်းက အာဖဂန်နစ္စတန်နှင့်အီရတ်တို့တွင် ဖြစ်ပွားခဲ့သော စစ်ပွဲများကာလအတွင်းကပင် အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့သည်။ အမေရိကန်တာဝန်ရှိသူများသည် စစ်ပွဲကာလအစောပိုင်းတွင် အီရတ်နိုင်ငံကို အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ ပံ့ပိုးခဲ့သော်လည်း ၎င်းငွေများသည် ပြည်သူများလက်ဝယ်သို့ ရောက်ရှိခဲ့ခြင်းမရှိကြောင်း အမေရိကန်လွှတ်တော် စုံစမ်းစစ်ဆေးမှုအစီရင်ခံစာ၌ ဖော်ပြခဲ့သည်။

မည်သို့ပင်ဆိုစေ အမေရိကန်နှင့် ၎င်း၏နိုင်ငံတကာမဟာမိတ်များသည် အာဖဂန်နစ္စတန်တွင် အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်များကဲ့သို့သော ပွင့်လင်းမြင်သာမှု မြှင့်တင်နိုင်မည့်စနစ်များကို ဖော်ဆောင်နိုင်ခဲ့ခြင်းမရှိပေ။ သို့သော် နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များကမူ ပွင့်လင်းမြင်သာသောစနစ်များ ထူထောင်သွားရန် အကြိမ်ကြိမ်တောင်းဆိုထားရှိသည်။ အမေရိကန်၊ ကုလသမဂ္ဂနှင့် နိုင်ငံပေါင်းစုံအေဂျင်စီများအနေဖြင့် အာဖဂန်နစ္စတန်တွင် ငွေကြေးလွှဲပြောင်းမှုများလုပ်ဆောင်ရာ၌ ပိုမိုထိန်းချုပ်ဆောင်ရွက်သွားသင့်ကြောင်း အမေရိကန်စာရင်းစစ်ချုပ် ဂျွန်ဆော့ပ်ကိုက အကြံပြုထားရှိသည်။ ဆိုရလျှင် အာဖဂန်နစ္စတန်ပြည်သူများအတွက်ပေးအပ်သော နိုင်ငံတကာအထောက်အပံ့များနှင့်ရန်ပုံငွေများကို တာလီဘန်တို့၏လက်ဝယ်သို့မရောက်ရှိရေးအတွက် လက်တွေ့ကျကျထိန်းချုပ်နိုင်ရန်သည် နိုင်ငံတကာထောက်ပံ့ရေးအေဂျင်စီများနှင့် တာဝန်ရှိသူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိပေသည်။

**ကိုးကား**

– **Some UN aid funds end up in Taliban-run central bank By Asia Times.**

# မာလာမြိုင်သဘင်ပွဲတော်တွင် စောလုံ...စောင့်ပါ ခလှည့် အော်ပရာအစီအစဉ်ကို M Entertainment Channel မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် မေ ၂၀**

မာလာမြိုင်သဘင်ပွဲတော်တွင် ထင်ရှားအောင်မြင်နှစ်ပါးခွင် အစီအစဉ်အဖြစ် စောလုံ. . . စောင့်ပါ ခလှည့် အော်ပရာအစီအစဉ်ကို M Entertainment Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ပြောပြ၍ သိရသည်။

M Entertainment Channel မှ ထုတ်လွှင့်ပြသနေသည့် မာလာမြိုင်သဘင်ပွဲတော်ကို The Tree Entertainment မှ ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ပြီး မေ ၂၂ ရက် ည ၉ နာရီတွင် ထုတ်လွှင့်မည့် မာလာမြိုင်သဘင်ပွဲတော်တွင် စောလုံ. . . စောင့်ပါ ခလှည့် အော်ပရာအစီအစဉ်ကို ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

"အတာသကြန်ပွဲတော် ပိတ်ရက်ကာလတွေမှာ မာလာမြိုင်သဘင်ပွဲတော်က အထူးအစီအစဉ်တွေနဲ့ တင်ဆက်လျက်ရှိပါတယ်။ ပုဂံခေတ်ကပင် သကြန်ပွဲ ဆင်နွှဲခဲ့ကြောင်း သာဓကအဖြစ် စောလုံ . . . စောင့်ပါ ခလှည့် အော်ပရာကို မင်းသားချော တင်မောင်ဆန်းမင်းဝင်းနဲ့ မင်းသမီးချောလေး ရေကြည်ချမ်းမြတို့က အထူးသရုပ်ဆောင် ကပြကြမည့်အပြင် မင်းသား တင်မောင်ဆန်းမင်းဝင်းနဲ့ မင်းသမီး ရေကြည်ချမ်းမြရဲ့ သကြန်နှစ်ပါးသွားကလဲ ဘယ်လိုတောင် ပျော်စရာကောင်းမလဲဆိုတာကိုတော့ စောင့်မျှော်ကြည့်ရှုအားပေးကြပါအုံး"ဟု ပတ္တမြားကေခိုင်က ပြောပြသည်။

မာလာမြိုင်သဘင်ပွဲတော်ကို သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး မာလာမြိုင်သဘင်အဖွဲ့သားများက ပါဝင်အားဖြည့် ပံ့ပိုးပေးထားကြောင်း သိရသည်။

ASH

# The Naked Gun ဇာတ်ကား၌ မင်းသမီး ပမ်အန်ဒါဆင် ပါဝင်မည်

**နယူးယောက် မေ ၂၀**

ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် The Naked Gun ဇာတ်ကားသစ်တွင် မင်းသမီး ပမ်အန်ဒါဆင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၁၉ ရက် သတင်းများအရ သိရသည်။

The Naked Gun ဇာတ်ကားသစ်တွင် မင်းသမီး ပမ်အန်ဒါဆင် အနေဖြင့် မင်းသား လီအမ်နီဆင်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ကွယ်လွန်သူ ကမ္ဘာကျော်ဟာသမင်းသားကြီး လက်စလီနယ်ဆင်၏ The Naked Gun(1988) ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။


မင်းသမီး ပမ်အန်ဒါဆင်သည် Scary Movie 3 နှင့် Superhero Movie ဟာသဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

The Naked Gun ဇာတ်ကားသစ်ကို ဒါရိုက်တာ အကီဗာရှက်ဖာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**





# Wyne Lay Unplugged Diary အစီအစဉ်ကို M Entertainment Channel မှ ထုတ်လွှင့်မည်ဖြစ်




**ရန်ကုန် မေ ၂၀**

အဆိုတော် ဝိုင်းလေး၏ တစ်ကိုယ်တော် သီဆိုဖျော်ဖြေမှု Wyne Lay Unplugged Diary ဂီတဖျော်ဖြေမှုအစီအစဉ်ကို မေ ၂၁ ရက်တွင် M Entertainment Channel မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း အဆိုတော် ဝိုင်းလေးက ပြောပြ၍ သိရသည်။

Wyne Lay Unplugged Diary ဂီတဖျော်ဖြေမှုအစီအစဉ်တွင် အဆိုတော် ဝိုင်းလေး၏ လူသိများထင်ရှားသည့် တေးသီချင်းကို တစ်ကိုယ်တော် သီဆိုဖျော်ဖြေမည့် အစီအစဉ်လည်းဖြစ်ကြောင်း သိရသည်။

"သကြန်ပိတ်ရက်ကို သီချင်းအေးအေးလေးတွေနဲ့ ငြိမ့်ငြိမ့်ညောင်းညောင်း ဖြတ်သန်းနိုင်ဖို့ ဝိုင်းလေးရဲ့ Wyne Lay Unplugged Diary အစီအစဉ်ကို မေ ၂၁ ရက်မှာ M Entertainment Channel ကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ သီချင်းအသစ်တွေ မပါပါဘူး။ ဝိုင်းလေးရဲ့ လူသိများတဲ့ သီချင်းတွေကိုပဲ ပြန်လည်သီဆိုပေးထားပါတယ်"ဟု အဆိုတော် ဝိုင်းလေးက ပြောပြသည်။

အဆိုပါဂီတဖျော်ဖြေမှုအစီအစဉ်ကို M Entertainment Channel ၏ M Music Night ရုပ်သံအစီအစဉ်မှ တာဝန်ယူထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Superman ဇာတ်ကားတွင် မင်းသမီး နီဗာအိုဝဲ သရုပ်ဆောင်မည်

**နယူးယောက် မေ ၂၀**

မာဗယ်စတူဒီယို၏ Superman ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး နီဗာအိုဝဲ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၁၉ ရက် သတင်းများအရ သိရသည်။

Superman ဇာတ်ကားတွင် နီဗာအိုဝဲအနေဖြင့် အဓိကဇာတ်ကောင် Superman ၏ လူသားမွေးစားမိခင် မာသာကန့်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် နီဗာအိုဝဲသည် မင်းသား ဒေးဗစ်ကိုရန်စဝပ်၊ မင်းသမီး ရာချယ်ဘရော့နာဟန်၊ မင်းသား နီကိုလပ်ဟော့တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Superman ဇာတ်ကားသစ်ကို Guardians of Galaxy ဒါရိုက်တာ ဂျိမ်းဂန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထု ဇာတ်ညွှန်းကိုလည်း ၎င်းကပင် ရေးသားပေးထားကြောင်း သိရသည်။

Superman ဇာတ်ကားသစ်တွင် အဓိကဇာတ်ကောင်ဖြစ်သည့် Superman နေရာတွင် မင်းသား ဒေးဗစ်ကိုရန်စဝပ်က သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Superman ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**





# ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် ဇာတ်ကားကို မေ ၂၁ ရက်တွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် မေ ၂၀**

ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် ဇာတ်ကားကို မေ ၂၁ ရက်တွင် CANAL+ ZATLENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ချောရတနာက ပြောပြ၍ သိရသည်။

ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် ဇာတ်ကား၏ဝတ္ထုဇာတ်လမ်းကို စာရေးဆရာ အကြည်တော်က ရေးသားထားပြီး ကိုရွှေမိုးသက်နှင့် မိုးကျော်တို့က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ရွှေတောင်ရတနာ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ဗီဒီယိုဇာတ်ကားကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ဇာတ်ကားအဖြစ် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၁ ခုနှစ်လောက်က ပြသအောင်မြင်ခဲ့တဲ့ ဗီဒီယိုဇာတ်ကားကိုမကြည့်လိုက်ရသေးတဲ့ ပရိသတ်တွေနဲ့ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် မေ ၂၁ ရက်မှာ တစ်ပိုင်းတည်းအပြီး ဇာတ်ကားအနေနဲ့ CANAL+ZATLENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ ဇာတ်လမ်းကတော့ ရွာတစ်ရွာကို ရောက်လာတဲ့ ဆိုင်ကယ်ပွဲစားလူလည်တစ်ယောက်နဲ့ ရွာကတောသူမလေးတစ်ယောက်တို့ တွေ့ဆုံကြုံကြိုက်ကြတဲ့ ကျေးလက်အခြေခံအချစ်ဟာသဇာတ်မြူးလေးပါ။ သူတို့နှစ်ယောက်ဘယ်လိုတွေ ဆက်ဖြစ်မယ်ဆိုတာ ဖန်သားပြင် ပေါ်မှာကြည့်ရှုပေးကြပါ"ဟု သရုပ်ဆောင် ချောရတနာက ပြောပြသည်။

ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် ဇာတ်ကားတွင် သရုပ်ဆောင် ပြေတီဦး၊ ကျော်ရဲအောင်၊ သက်မွန်မြင့်၊ စိုးမြတ်သူဇာ၊ ချောရတနာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Maritime trade channel earns US$14 billion more than land border channels in trade sector in 2023-24 FY



A container ship handling containers at Yangon port.

**Nay Pyi Taw April 20**

The Ministry of Commerce stated that maritime trade sector secured US$14 billion more than that of border trade sector in 2023-24 financial year.

In the trade sector which generated US$30.09 billion in the previous financial year, maritime trade sector earned US$22.36 billion and border trade sector US$7.72 billion. So, the maritime trade sector bagged US$14.64 billion more than the land borders.

During the financial year, US$9.30 billion worth of commodities were exported in maritime trade sector and US$5.31 billion in land border.

Meanwhile, Myanmar imported goods worth US$2.41 billion in land borders and US$13 billion through maritime trade sector.

In 2023-24 financial year, maritime trade sector conducted US$14.64 billion in export and import process more than the border trade sector. 336

# Fishery products export pockets more than US$700 million in 2023-24 FY

**Nay Pyi Taw April 20**

According to the statistics of the Ministry of Commerce, export of fishery products bagged more than US$700 million in 2023-24 financial year.

Myanmar was engaged in export of seven major products such as agricultural produce, animal products, marine products, minerals, forest products, finished industrial produce and others from April 2023 to March 2024.

In this regard, fishery products generated US$765.94 million from export, standing third in the export groups in 2022-23 financial year, compared with US$714.89 million in 2023-24 financial year, standing fourth position.

In 2023-24 financial year, Myanmar earned US$8.84 billion in export of finished industrial goods as the largest of income amount.

Likewise, agricultural produce pocketed US$3.38 billion in export, followed by other export products worth US$634 million and fishery products US$244.48 million.

Among them, shrimp export in the fishery sector secured US$38.18 million in 2023-24 financial year.

Shrimp was exported to earn US$33.74 million in maritime trade channel and US$4.44 million in land borders, totalling US$38.18 million.

336




A fish processing plant in operation.

# Shwebo District farmers yield 6,328 acres of winter garlic

**Shwebo April 20**

A total of 6,328 acres of garlic planted during the winter crop season in Sagaing Region have been harvested, according to statistics from the Department of Agriculture for Shwebo District.

The garlic fields planted in Shwebo District during the 2023-2024 winter crop season have been harvested since February of this year. So far, 6,328 acres have been harvested and 2,901 visses per acre has been produced.

"Garlic cultivation can grow more than the target. Most people do not grow garlic commercially, but only for home use. There is less commercial cultivation. In some places, garlic is grown commercially. It takes a lot of investment to grow garlic," said Daw Zar Zar Min, Assistant Director of the Department of Agriculture for Shwebo District.

The garlic harvested by townships in Shwebo District is as per following: 28 acres in Shwebo Township, 1,280 acres in KhinU Township, and 6,328 acres in Wetlet Township.

The cost of garlic farmers in Shwebo District is 1.5 million kyats per acre.

206

# Feature: Confucius Institute library opens doors to Chinese culture for Tanzanian students

**Dar Es Salaam April 20**

For Zema Ayubu Saidi, a 21-year-old student at Tanzania's University of Dar es Salaam, her fascination with Chinese culture has led her to immerse herself in Chinese books at the Confucius Institute library. She reads about modern Chinese society, literature, food, and her favorite, giant pandas.

Saidi, majoring in education in both Chinese and English languages, believes that reading Chinese books not only teaches her about China but also opens up a window to the world, as Chinese is one of the most spoken languages globally.

The Confucius Institute at the University of Dar es Salaam, established in 2013, aims to be a leading Chinese language training and testing center in Africa, promoting cultural and academic exchange between China and Tanzania.

"I'm obsessed with Chinese culture because of the long-term friendship between Tanzania and China, and because of my love for Peking Opera, delicious Chinese food and lovely giant pandas," Saidi said, expressing her desire to visit China in the future. Since starting university a year ago, she has read eight Chinese books borrowed from the Confucius Institute library.

Ahead of World Book Day on April 23, students at the University of Dar es Salaam praised the institute's library for its wide selection of Chinese books. Xinhua

# UN Chinese Language Day celebrated in Zambia

**Lusaka April 20**

Zambia on Friday celebrated this year's United Nations Chinese Language Day, which falls on April 20, with a display of various Chinese cultural activities.

Held at the Confucius Institute at the University of Zambia, the event was attended by officials from the Chinese embassy, officials from the University of Zambia, and Chinese language learners from various schools.

Organized by the Chinese embassy in collaboration with the Confucius Institute, the event featured activities such as the Mongolian "Flying Grassland" dance, Tai Chi, poetry recitation, music and dance performances, and a display of Chinese kung fu.

This year's event was themed "Chinese Language: Connecting Culture through the Bridge of Mutual Learning."

Meng Hao, minister counselor of the Chinese Embassy, said the Chinese language is one of the most widely spoken languages in the world, and most people are keen to learn it.

He said in Zambia, Chinese language learning has made remarkable progress through the efforts of the Confucius Institute, and it is becoming an important part of people-to-people exchanges and educational cooperation between China and Zambia.

"Culture and civilization are enriched by exchanges and mutual learning. This is also a major driving force for the progress of human civilization and peaceful development," he said.

Xinhua

# More than 1.2 million travellers visit destinations in Mon State in 2023-24 FY


A crowded beach in Mon State.

**Mawlamyine April 20**

More than 1.25 million travellers at home and abroad paid visits to destinations in Mon State within 2023-24 financial year, according to U Zeyar Tun, director of Mon State Directorate of Hotels and Tourism.

In this regard, more than 1.2 million local travellers visited the significant sites of the state in addition to more than 50,000 foreign travellers visiting most of the prominent sites in the state, with increase of 50 per cent of travellers more than last financial year.

"Travellers eye on Kyaikhtiyo pagoda in Kyaikto, Kyaikkhami mid-water pagoda and Setse beach in Thanbyuzayat, Kyaikthanlan Pagoda, Taungwaing hill and Mawlamyine view point in Mawlamyine, Zingyaik waterfall in Paung, and handicraft industries in Ywalut Village of Bilu Island in Chaungzon Township," he explained.

Local authorities have designated 63 tourist destinations in Mon State. At present, Kyaukpagyi Beach in Thanbyuzayat Township was set as a destination, a river cruise trip for enjoying sunset in Mawlamyine and new hot spring trip in Chaungzon Township. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 5,000 acres of winter sesame harvested in Mingin Township

**Mingin April 20**

The statistics of Mingin Township Agriculture Department indicated that a total of 5,341 acres of winter sesame plantations have been harvested in Mingin Township of Sagaing Region.

So far, local farmers have harvested 5,341 acres of winter sesame cultivated in February this year, yielding 12 baskets per acre.

"Local farmers cultivated 5,341 acres of winter sesame. So far, they have completed harvesting of sesame plantations. Our department rendered assistance for local farmers to expand sown acreage of sesame, boost per-acre yield of crop and use GAP system," said Daw Hay Marn Kyaw Win, Head of Mingin Township Agriculture Department.

Local farmers planted 5,341 acres of winter sesame, exceeding 442 acres of sesame more than the target of 4,899 earmarked acres in 2023-24 financial year.


A sesame plantation.

The crops planted in good agricultural practices can get better quality than other crops and good prices not only in domestic market but in foreign ones. So, local farmers have increased income from their crops. 206

# Farmers in Kalay Township finish harvesting of more than 2,500 acres of wheat

**Kalay April 20**

Harvesting has completed on 2,511 acres of wheat plantation in Kalay Township of Sagaing Region, according to Kalay Township Agriculture Department.


Harvesting process started in February 2024, and so far, they have completed harvesting of 2,511 acres of wheat plantation, yielding 16.69 baskets per acres.

"Our department gives help to local farmers in harvesting wheat plantations. We are striving for organizing local farmers to use quality strains of wheat to boost per-acre yield," said U Naing Tun Win, Head of Township Agriculture Department.

The township earmarked cultivation of 2,786 acres of wheat in winter of 2023-24 financial year. Local farmers planted 2,511 acres of wheat from October to December 2023.

In 2022-23 FY, local farmers cultivated 2,784 acres of wheat against the target of 2,786 acres. Staff members of the Township Agriculture Department assisted in cultivation of wheat for local farmers with agricultural techniques, urea fertilizer and quality strains of crops.

They have to spend some K300,000 per acre of wheat. Wheat is planted in Mawlaik, Tamu, Kalay, Hkamti, Monywa, Yinmabin, Shwebo, Kanbalu, Sagaing and Katha districts and Naga Self-Administered Zone. Of them, Sagaing and Monywa districts plant largest areas of wheat. 206


Newly harvested wheat.

# Sagaing District farmers reap 16,194 acres of winter mung beans

**Sagaing April 20**

A total of 16,194 acres of mung beans planted in Sagaing District, Sagaing Region during the winter crop planting season have been harvested, according to statistics from Department of Agriculture for Sagaing District.

The harvest of mung bean fields planted in Sagaing District during the 2023-2024 winter crop planting season has been started since February this year. So far, 16,194 acres of mung beans have been harvested and 17 baskets per acre are produced.

The mung bean harvested by townships in Sagaing District is as per following: 1,674 acres in Sagaing Township and 1,983 acres in Myinmu Township and 12,537 acres in Myaung Township.

During the 2023-2024 winter crop planting season, 16,428 acres of mung beans were earmarked for planting in Sagaing District, and 16,194 acres were planted from October to December 2023.

In the 2022-2023 winter crop planting season, 16,428 acres were planted in Sagaing District from October to December 2023. 206

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံက ဒရုန်းများအတွက် Jam-Resistant ဆက်သွယ်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့



ရုရှားနိုင်ငံသည် ဒရုန်းများကြားတွင် ရန်သူထံမှ Jamming ပြုလုပ်မှုဒဏ် အပေါ် ခံနိုင်ရည်ရှိသော Jam-Resistant ဆက်သွယ်ရေးစနစ်ကိုတီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး ထုတ်ဖော်ပြသခဲ့ကြောင်း ဧပြီ ၁၆ ရက်တွင် ရုရှားနိုင်ငံ သတင်းမီဒီယာအများအပြားက ရေးသားဖော်ပြခဲ့ကြသည်။

ရုရှားနိုင်ငံရှိ Simbirsk ဒီဇိုင်းဗျူရိုမှ ကျွမ်းကျင်ပညာရှင်တစ်ဦးသည် မကြာသေးမီက အောင်မြင်မှုရရှိခဲ့သည့် အီလက်ထရွန်နစ်စစ်ပွဲဆိုင်ရာ နည်းဗျူဟာများတွင် Jamming ပြုလုပ်မှုဒဏ် ခုခံနိုင်စွမ်းရှိသော ဆက်သွယ်ရေးစနစ်ကို အောင်မြင်စွာ တီထွင်နိုင်ခဲ့ကြောင်းကြေညာခဲ့သည်။ ၎င်း ဆက်သွယ်ရေးစနစ်သည် လှိုင်းနှုန်းမျိုးစုံကြား လျင်မြန်စွာပြောင်းလဲအသုံးပြုနိုင်သည့်စွမ်းရည်ဖြင့် ရန်သူနှောင့်ယှက်ဖျက်ဆီးမှုများကို ခံနိုင်ရည်ရှိစေမည်ဖြစ်သည်။

ဒရုန်းအော်ပရေတာများအနေဖြင့် ပျံသန်းနေစဉ်အတွင်း လှိုင်းနှုန်းသုံးမျိုး ပြောင်းလဲအသုံးပြုနိုင်မည့် Multi-Band ဆက်သွယ်ရေးစနစ်ဖြစ်ပြီး ရန်သူဖိဖျက်နှောင့်ယှက်မှုခံရပါက Signal Frequency ကို ရိုးရှင်းစွာချိန်ညှိနိုင်သလို အခြားလှိုင်းနှုန်းတစ်ခုသို့လည်း ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်သည့်အတွက် အနှောင့်အယှက် တစ်စုံတစ်ရာမရှိဘဲ ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။ တစ်သမတ်တည်းအသုံးပြုရမည့် စံပြုလှိုင်းနှုန်းမဟုတ်သည့်အတွက် စစ်မြေပြင်တွင် ရန်သူတန်ပြန်မှုကို ကောင်းစွာကျော်လွှားနိုင်မည်ဖြစ်သည်။

Simbirsk ဒီဇိုင်းဗျူရိုသည် အသုံးပြုသူများ၏ လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းပေးနိုင်ရန် ဒရုန်းအမျိုးအစားနှစ်မျိုး ထုတ်လုပ်ပေးထားသည်။ အဆိုပါ Jam-Resistant ဆက်သွယ်ရေးစနစ်ကိုတပ်ဆင်အသုံးပြုထားသည့် ဒရုန်းအမျိုးအစားများလည်းဖြစ်သည်။ ပထမဆုံးအမျိုးအစားမှာ Piranha-7 ဒရုန်းဖြစ်ပြီး Payloadအလေးချိန် ၂ ဒသမ ၅ ကီလိုဂရမ်ထိ သယ်ဆောင်နိုင်စွမ်းရှိသည်။ ကျစ်လျစ်ပေါ့ပါးသော ဒီဇိုင်းနှင့် အရည်အသွေးကောင်းမွန်သော အင်ဂျင်အမျိုးအစား အသုံးပြုထားမှုများကြောင့် စောင့်ကြည့်ထောက်လှမ်းခြင်းမှသည် အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းရေးအချက်အလက်များ ပေးပို့နိုင်သည်ထိ အကျိုးရှိစွာအသုံးပြုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအမျိုးအစားမှာ နောက်ဆုံးထုတ် Piranha-10 ဒရုန်းဖြစ်ပြီး စွမ်းဆောင်ရည်များအဆင့်မြှင့်တင်ထားသည်။ ပိုမိုအားကောင်းသော မော်တာများနှင့် ပိုမိုကျယ်ဝန်းသော ပန်ကာ(ဒလက်)များ တပ်ဆင်ထားသောကြောင့် Payload တင်ဆောင်နိုင်မှုပိုမိုမြင့်မားသည်။ အလေးချိန် ၄ ဒသမ ၅ ကီလိုဂရမ်ထိသယ်ဆောင်ပျံသန်းနိုင်သော Piranha-10 ဒရုန်းသည် အရေးကြီးပစ်မှတ်များကို တိုက်ခိုက်ခြင်းသို့မဟုတ် အကွာအဝေးတစ်ခုအတွင်း မဟာဗျူဟာမြောက် ပစ္စည်းကိရိယာများ သယ်ယူပို့ဆောင်ခြင်းကဲ့သို့သော ပစ်စွမ်းအားပိုမိုလိုအပ်သည့် ရည်မှန်းချက်တာဝန်များပေးအပ်ရန် အထူးသင့်လျော်ကြောင်း သိရသည်။

ကုန်ကျစရိတ်အရ Piranha-10 ဒရုန်းသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅၅၀ခန့်သာရှိပြီး ဈေးနှုန်းအားဖြင့် တတ်နိုင်သော အနေအထားဖြစ်သည်။ နောက်ဆုံးပေါ် စွမ်းဆောင်ရည်နှင့် ကုန်ကျစရိတ်သက်သာမှုတို့ကြောင့် ဒရုန်းနယ်ပယ်တွင် ဘက်စုံသုံး၊ ယုံကြည်စိတ်ချရသော ဖြေရှင်းနည်းများကိုရှာဖွေနေသည့် စစ်ဘက်နှင့် လုံခြုံရေးတပ်ဖွဲ့များအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်စေသည်။

စစ်ဆင်ရေးဆိုင်ရာအကျိုးအမြတ်များနှင့်ပတ်သက်၍ Piranha-10 ဒရုန်းသည် ယူကရိန်းတပ်ဖွဲ့များ အသုံးပြုနေသည့် အမေရိကန်ထုတ် Abrams တင့်ကားကို ပစ်မှတ်ထားတိုက်ခိုက်နိုင်ခဲ့သည်။ ၎င်း၏ Payload အလေးချိန် ၄ ဒသမ ၅ ကီလိုဂရမ် သယ်ဆောင်နိုင်စွမ်းကို ၎င်းအရေးပါသောမစ်ရှင်တွင် အသုံးချခဲ့ပြီး စစ်မြေပြင်တွင် စွယ်စုံရမှုနှင့်ထိရောက်မှုတို့ကိုပြသနိုင်ခဲ့သည်။ Piranha-10 ဒရုန်း၏ အမြင့်မားဆုံးပျံသန်းစစ်ဆင်နိုင်မှုအကွာအဝေးမှာ ၁၅ ကီလိုမီတာ(ကိုးမိုင်)ခန့်ဖြစ်သည်။

ရုရှားနိုင်ငံ၏ ဒရုန်းများအတွက် Jam-Resistant ဆက်သွယ်ရေးစနစ် တီထွင်ထုတ်လုပ်လျက်ရှိသည်ကို နိုင်ငံတကာစစ်ဘက်လေ့လာအကဲခတ်သူများက စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိကြသည်။ ရုရှား-ယူကရိန်းပဋိပက္ခသည် စိတ်ဝင်စားစရာကောင်းပြီး ရုရှားနိုင်ငံမှ ပညာသားပါပါ ဖြေရှင်းချက်များကို ဖော်ဆောင်ကျင့်သုံးနေနိုင်ဆဲဖြစ်ကြောင်းလည်း ဖော်ပြလျက်ရှိသည်။ သို့သော်လည်း စစ်မြေပြင်တွင် ၎င်းဆက်သွယ်ရေးစနစ်၏ အမှန်တကယ်ထိရောက်မှုကို တွေ့မြင်လေ့လာခွင့်ရရှိဦးမည်ဖြစ်သည်။

**Russia Unveils Jam-Resistant Communication System for Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းသို့ IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးစနစ်များပေးပို့ခဲ့ကြောင်း ဂျာမနီဒုတိယအမိပတိ ကြေညာ

ယူကရိန်းသို့ IRIS-T SLM လေကြောင်းရန် ကာကွယ်ရေးစနစ်များကို အလျင်အမြန်ပင် လွှဲပြောင်းပေးပို့ခဲ့ကြောင်း ဂျာမနီဒုတိယအမိပတိ Habeck က ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက ဧပြီ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံမှ Diehl Defense ကုမ္ပဏီ၏ CEO ဖြစ်သူ Helmut Rauch က ယူကရိန်းတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်တွင် ကျွန်ုပ်တို့၏လက်နက်စနစ်သုံးစုသည် ယူကရိန်းတွင် ရောက်ရှိနှင့်ပြီးဖြစ်ပြီး ယခုနှစ်အတွင်း စနစ်များဆက်လက်ပို့ဆောင်ပေးမည်ဖြစ်သည်။ နောက်ထပ်တစ်စုံသည် ရက်သတ္တပတ် အနည်းငယ်အတွင်း ယူကရိန်းသို့ရောက်ရှိလိမ့်မည်ဟု ထုတ်ဖော်ကြေညာခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ယူကရိန်းလေတပ်မှ ပြောရေးဆိုခွင့်ရှိသူ Yuriy Ihnat က IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် ပထမဆုံးတစ်စုံ၏ စွမ်းဆောင်ရည်များကို ကျေနပ်အားရမှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး အဆိုပါစနစ်သည် ရာနှုန်းပြည့်တိုက်ပွဲဝင်ထိရောက်မှုကို ပြသနိုင်ခဲ့သည်ဟု ပြောဆိုခဲ့ဖူးသည်။ ဒရုန်းနှင့် ခရုဇ်ဒုံးကျည်စနစ်များဖြင့် ရုရှားတို့၏ လေကြောင်းတိုက်ခိုက်မှုများကြားတွင် IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်၏ တိုက်ပွဲဝင်ထိရောက်မှုကို လေ့လာဆန်းစစ်ခွင့်ရရှိနိုင်ပေလိမ့်မည်။

IRIS-T SLM (Infra Red Imaging System Tail/Thrust Vector-Controlled) လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ဝေဟင်ပစ်မှတ်များကို ကြားဖြတ်ပစ်ချရန်အတွက် အဓိကဒီဇိုင်းထုတ်ထားသော တာတို၊ တာလတ်ပစ်ဒုံးကျည်အမျိုးအစားဖြစ်သည်။ ဂျာမနီနိုင်ငံ Diehl Defense ကုမ္ပဏီက တီထွင်ထုတ်လုပ်ခဲ့ပြီး ၂၀၀၅ ခုနှစ်ကတည်းက စတင်အသုံးပြုနိုင်ခဲ့သည်။ လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် တာတိုပစ်ဒုံးကျည်များကို တန်ပြန်တိုက်ခိုက်နိုင်စွမ်းရှိသည်။ တိုက်ပွဲဝင်နိုင်မှုအခြေအနေများပေါ် မူတည်၍ အမျိုးမျိုးကွဲပြားနိုင်သော်လည်း အများဆုံး အကွာအဝေး ၂၅ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ပေါင်းစပ်အသုံးပြုထားသည့် ရေဒါစနစ်များပေါ် မူတည်သည့် ပစ်မှတ်ထောက်လှမ်းနိုင်စွမ်းတွင် ရန်သူ၏ အဆင့်မြင့်အီလက်ထရွန်နစ်တန်ပြန်လုပ်ဆောင်မှုများကြားမှ အနီအောက်ရောင်ခြည် အာရုံခံကိရိယာဖြင့် ပစ်မှတ်များကို ရှာဖွေထောက်လှမ်း၊ ခြေရာခံထိန်းကျောင်းနိုင်စေမည်ဖြစ်သည်။



ဒုံးကျည်သည် ပစ်မှတ်ရွေ့လျားမှုကိုတုံ့ပြန်ရာတွင် လျင်မြန်စွာလမ်းကြောင်းပြောင်းလဲပျံသန်းနိုင်စေမည့် Thrust Vectoring စနစ်ကြောင့် လှုပ်ရှားစစ်ကစားနိုင်စွမ်းမြင့်မားကောင်းမွန်သည်။ ပစ်လွှတ်လိုက်ပြီးနောက် ပစ်မှတ်ဆီသို့ Inertial Guidance ထိန်းကျောင်းရေးစနစ်ဖြင့် လမ်းညွှန်ထိန်းကျောင်းပြီး အဆုံးသတ်ချေမှုန်းရေးအဆင့် Terminal Phase တွင် တိကျမှုမြင့်မားစေရန် အနီအောက်ရောင်ခြည်အာရုံခံကိရိယာကိုအသုံးပြု၍ လမ်းညွှန်ထိန်းကျောင်းမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီနိုင်ငံအနေဖြင့် ယူကရိန်းပဋိပက္ခပြီးဆုံးပြီး နောက်ပိုင်းကာလများကိုလည်း အာရုံစိုက်ထားကြောင်း၊ ပြန်လည်တည်ဆောက်ရေးဆိုင်ရာညီလာခံကို လာမည့်ဇွန်လလယ်တွင် ဘာလင်မြို့တော်၌ ကျင်းပသွားရန်ရှိကြောင်း ဂျာမနီဒုတိယအမိပတိ Habeck ကပြောကြားခဲ့သေးသည်။

**German Vice chancellor announces New IRIS-T SLM air defense system delivery in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၆၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၆၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၉၄ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၅၆၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ၆၅၉၄ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၅၆၂ ကေ စိုက်ပျိုးပြီးပါပြီ။ လျာထားကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းတိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေဆောင်ရွက်ပေးလျက်ရှိပါတယ်” ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ် ငွေတောင်ကမ်းခြေသို့ သင်္ကြန်ကာလအတွင်း ခရီးသွားဧည့်သည် ဦးရေ ၄၇၇၀၀ထိ လာရောက်လည်ပတ်ခဲ့

**ငပုတော မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငွေတောင်ကမ်းခြေသို့ သင်္ကြန်ကာလပိတ်ရက်များအတွင်း ခရီးသွားဧည့်သည်ဦးရေ ၄၇၇၀၀ ထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ်ခရီးသွားလုပ်ငန်းတာဝန်ခံ ဒေါ်ညိုညိုမြင့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ငွေတောင်ကမ်းခြေသို့ သင်္ကြန်ကာလ အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့ထိ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ဦးရေ ၄၇၇၀၀ ထိ လာရောက်လည်ပတ်ခဲ့ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်လည်ပတ်ခဲ့သည့် ခရီးသွားများသည် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးဖြစ်ကြောင်း သိရသည်။

“သင်္ကြန်ကာလ ပိတ်ရက်ရှည်ရတဲ့အတွက်ကြောင့် ငွေတောင်ကမ်းခြေကိုလာပြီး အနားယူအပန်းဖြေတဲ့ ဧည့်သည်တွေများခဲ့တာပါ။ လာတဲ့ဧည့်သည်တွေကတော့ နယ်အစုံကပေါ့။ ရန်ကုန်ကပိုများတယ်။ ကမ်းခြေမှာ ဧည့်သည်တွေ အဆင်ပြေပြေအနားယူနိုင်ဖို့ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတွေအပြင် ကမ်းခြေလုံခြုံရေးကိစ္စတွေကိုပါ သက်ဆိုင်ရာအဖွဲ့အစည်းတွေက လာရောက်ကြီးကြပ်ဆောင်ရွက်ပေးပါတယ်။ ငပုတောမြို့နယ်က အထင်ကရသမိုင်းဝင် မြတ်မော်တင်စွန်းစေတီနဲ့ ငွေတောင်ကမ်းခြေက နီးနေတော့ ဘုရားဖူးရင်း အပန်းဖြေတဲ့သူတွေများတာပါ” ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းတာဝန်ခံ ဒေါ်ညိုညိုမြင့်က ပြောပြသည်။



အဆိုပါကမ်းခြေသို့ သင်္ကြန်ကာလအတွင်း လာရောက်လည်ပတ်အပန်းဖြေသည့် ခရီးသွားဧည့်သည်ဦးရေ ၄၇၇၀၀ ထဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံး လာရောက်ခဲ့ကြောင်း၊ ထိုသို့ကမ်းခြေသို့ လာရောက်သည့် ခရီးသွားများ အစစအရာရာ အဆင်ပြေစေရန် ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးအဖွဲ့အစည်းများ၊ ဒေသခံလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သရက်မြို့နယ် ကျဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက် မေ ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှုကို မေ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျဦးကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် သိန်း ၆၁၀ ထိ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**ဝင်းမာ**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၀-၄-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဖိုယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **ဆားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၀၁၀ |

**(သာဓ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲ

**လင်းညို**




**နိဒါန်း**

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှရှိ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် စတုတ္ထမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။ သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲများနှင့် ဒေသန္တရ ရွေးကောက်ပွဲများကို တစ်ပြိုင်တည်းကျင်းပသည်။ ၁၉၉၈ ခုနှစ်တွင် အာဏာရှင်စနစ် ပြီးဆုံးပြီးနောက် ၂၀၀၄ ခုနှစ်မှစ၍ သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲများကို တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းနည်းလမ်းများဖြင့် ကျင်းပခဲ့ရာ ယခုအကြိမ်သည် ငါးကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ပြန့်ကျဲနေသော ကျွန်းပေါင်း ၁၇၀၀၀ ကျော်နှင့် လူမျိုးစုပေါင်း ၁၃၀၀ ကျော်ရှိပြီး လူဦးရေ သန်း ၂၇၀ ကျော်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ မဲပေးပိုင်ခွင့်ရှိသူ သန်း ၂၀၀ ကျော်ရှိပြီး ရွေးကောက်ပွဲများကို တစ်ပြိုင်တည်းကျင်းပခြင်းကြောင့် ကမ္ဘာ့အကြီးဆုံး တစ်ရက်တာ ရွေးကောက်ပွဲဟု လူသိများသည်။ ယခင်က ဒီမိုကရေစီပွဲတော်ဟုပင် တင်စားခေါ်ဝေါ်ကြသည်။

**ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များ**

အင်ဒိုနီးရှားနိုင်ငံတွင် ရွေးကောက်ပွဲများ ကျင်းပရန်အတွက် ရွေးကောက်ပွဲစီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်း သုံးခုရှိသည်။ အထွေထွေရွေးကောက်ပွဲ ကော်မရှင် The General Election Commission (KPU)၊ ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့ The Election Oversight Body (Bawaslu) နှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးကောင်စီ The Honorary Council of Election Management Bodies (DKPP) ဟူ၍ ဖြစ်သည်။

အထွေထွေရွေးကောက်ပွဲကော်မရှင် (KPU) သည် ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲများကို ဦးဆောင်ကျင်းပပေးရသော လွတ်လပ်သည့် အဖွဲ့အစည်းဖြစ်ပြီး အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းထားသည်။ ကော်မရှင်အဖွဲ့ဝင်များကို သမ္မတက ခန့်အပ်ထားပြီး သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ KPU ၏ အတွင်းရေးမှူးချုပ်ကို ကော်မရှင်က အမည်စာရင်းတင်သွင်းပြီး သမ္မတက ငါးနှစ်သက်တမ်းအတွက် ခန့်အပ်ခြင်းဖြစ်သည်။ အတွင်းရေးမှူးချုပ်သည် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သည်။

ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့ (Bawaslu) သည် ရွေးကောက်ပွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်ရသည့်အဖွဲ့အစည်းဖြစ်သည်။ Bawaslu အဖွဲ့ကိုလည်း KPU ကဲ့သို့ပင် ရွေးချယ်၍ သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ ပြည်နယ်နှင့် စီရင်စုအဆင့်များသည် အမြဲတမ်းအဖွဲ့အစည်းများဖြစ်ပြီး ပြည်နယ်တစ်ခုလျှင် အဖွဲ့ဝင် သုံးဦးဖြင့် ဖွဲ့စည်းထားသည်။ စီရင်စုအောက်ရှိ အဆင့်များ၌ အဖွဲ့ဝင်များသည် အမြဲတမ်းအဖွဲ့ဝင်များမဟုတ်ပေ။ မြူနီစီပယ်အဆင့်တွင် သုံးဦး၊ ခရိုင်ခွဲအဆင့်တွင် သုံးဦး၊ ရပ်ကွက်၊ ကျေးရွာအုပ်စုတစ်ခုလျှင် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအရာရှိတစ်ဦး စသည်ဖြင့် ဖွဲ့စည်းထားသည်။ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို Bawaslu သို့ တင်သွင်းရပြီး ရွေးကောက်ပွဲစီမံခန့်ခွဲရေးကောင်စီ (DKPP) နှင့် ရဲဌာန သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့နှင့် သင့်လျော်သလို ပူးပေါင်းဖြေရှင်းဆောင်ရွက်ရသည်။

ရွေးကောက်ပွဲစီမံခန့်ခွဲရေးကောင်စီ (Dewan KehormatanPenyelenggaraPemilu – DKPP) သည် KPU အဖွဲ့ဝင်များနှင့် Bawalsu အဖွဲ့ဝင်များ ကျင့်ဝတ်ဆိုင်ရာ ဖောက်ဖျက်ကျူးလွန်မှုကို စစ်ဆေးဆုံးဖြတ်ရန် ဖွဲ့စည်းထားသည့် အမျိုးသားအဆင့် ကျင့်ဝတ်ထိန်းသိမ်းရေး ကောင်စီတစ်ခုဖြစ်သည်။ DKPP ၏ သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး KPU အဖွဲ့ဝင် တစ်ဦး၊ Bawalsက အဖွဲ့ဝင် တစ်ဦးနှင့် ဒေသန္တရအကြီးအကဲ ငါးဦးဖြင့် ဖွဲ့စည်းထားသည်။

**နိုင်ငံရေးပါတီများ**

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် နိုင်ငံရေးပါတီများသည် ပြည်နယ်အတွင်းရှိ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေတွင် ပါတီရုံးခွဲ ၇၅ ရာခိုင်နှုန်းနှင့် ယင်းနယ်မြေအတွင်းရှိ ခရိုင်များတွင် ၅၀ ရာခိုင်နှုန်း ဖွင့်လှစ်ရမည်ဖြစ်သည်။ ဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် ဧပြီလ၌ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၇၅ ပါတီက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။ ယင်းအနက် ၂၄ ပါတီသာ KPU သို့ အမည်စာရင်းတင်သွင်းကြသည်။ KPU သည် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည့်ပါတီ ၁၇ ပါတီရှိကြောင်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ကြေညာခဲ့ရာ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ငြင်းပယ်ခံရသည့် The Ummah Party က Bawalsu အဖွဲ့ထံသို့ အယူခံဝင်ခဲ့သည်။ ပါတီ၏ အယူခံဝင်ချက်ကို လက်ခံပြီး KPU ကို နောက်တစ်ကြိမ် စိစစ်စစ်ဆေးရန် ညွှန်ကြားခဲ့ရာ ဒီဇင်ဘာ ၃၀ ရက်တွင် The Ummah Party ကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိကြောင်း ကြေညာခဲ့ခြင်းကြောင့် ၂၀၂၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါတီ ၁၈ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**ရွေးကောက်ပွဲများကျင်းပခြင်း**

သမ္မတရွေးကောက်ပွဲကို Majority Vote –Two Round System ဖြင့်လည်းကောင်း၊အောက်လွှတ်တော် ကိုယ်စားလှယ်များကို တစ်ဦးထက်ပို၍ ရွေးကောက်တင်မြှောက်ခွင့်ရှိသော မဲဆန္ဒနယ် ၇၇ နယ်မှ ကိုယ်စားလှယ် ဦးရေ ၅၈၀ ကို Open List PR စနစ်ဖြင့်လည်းကောင်း၊ အထက်လွှတ်တော် ကိုယ်စားလှယ်များကို ပြည်နယ် ၃၈ ခုကို မဲဆန္ဒနယ် တစ်နယ်စီသတ်မှတ်၍ ပြည်နယ်တစ်ခုလျှင် လေးဦးနှုန်းဖြင့် ကိုယ်စားလှယ် ၁၅၂ ဦးကို List PR စနစ်ဖြင့်လည်းကောင်း တိုက်ရိုက်ရွေးကောက်တင်မြှောက်ကြသည်။ လွှတ်တော်အတွင်း ကိုယ်စားလှယ်နေရာရရှိရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် အနိမ့်ဆုံးခိုင်လုံမဲသတ်မှတ်ချက် လေးရာခိုင်နှုန်းရရှိရန်လိုအပ်သည်။ ရွေးကောက်ပွဲဥပဒေအရ သမ္မတလောင်းတစ်ဦးသည် နိုင်ငံလုံးဆိုင်ရာဆန္ဒမဲ အနည်းဆုံး ၅၀ ရာခိုင်နှုန်းနှင့် ပြည်နယ်တစ်ခုစီတွင် အနည်းဆုံး ၂၀ ရာခိုင်နှုန်း ရရှိရန်လိုအပ်သည်။ အနည်းဆုံး ခိုင်လုံမဲ ၅၀ ရာခိုင်နှုန်းမရရှိပါက ဒုတိယအကျော့ရွေးကောက်ပွဲတွင် အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းနှစ်ဦးယှဉ်ပြိုင်ရမည်ဖြစ်သည်။

နိုင်ငံရေးပါတီများအနေဖြင့် သမ္မတလောင်းအမည်စာရင်းတင်သွင်းရာတွင် ပြီးခဲ့သည့်ရွေးကောက်ပွဲ၌ အောက်လွှတ်တော် DPR တွင် ကိုယ်စားလှယ်နေရာ အနည်းဆုံး ၂၀ ရာခိုင်နှုန်းရရှိသည့်ပါတီ သို့မဟုတ် ညွန့်ပေါင်းအဖွဲ့က တင်သွင်းနိုင်သည်။ သို့မဟုတ် ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် လူထုထောက်ခံမဲ ၂၅ ရာခိုင်နှုန်းရရှိမှသာ အမည်စာရင်းတင်သွင်းနိုင်သည်။ သမ္မတလောင်းသည် အသက် ၄၀ နှစ်ပြည့်ပြီး အင်ဒိုနီးရှားနိုင်ငံတွင် အနည်းဆုံး ငါးနှစ်အခြေချနေထိုင်သူဖြစ်ရမည်ဖြစ်ပြီး နိုင်ငံခြားသားအဖြစ် ခံယူထားသူမဖြစ်ရပါ။

**နေ့ရက်များသတ်မှတ်ခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို ၂၀၂၃ ခုနှစ် မေ ၂၄ ရက်တွင်လည်းကောင်း၊ သမ္မတနှင့် ဒုတိယသမ္မတလောင်းများ အမည်စာရင်းတင်သွင်းခြင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင်လည်းကောင်း တင်သွင်းနိုင်ပြီး ကိုယ်စားလှယ်လောင်းအားလုံးအတွက် အမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးရက်မှာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်ဖြစ်သည်။ မဲဆွယ်စည်းရုံးခွင့်ကာလကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်ထိ ရက်ပေါင်း ၇၅ ရက်သတ်မှတ်ထားပြီး မဲဆွယ်စည်းရုံးခြင်းမပြုလုပ်ရသည့်နေ့ (Silent Day)အဖြစ် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်ထိ သတ်မှတ်ထားသည်။ ဒုတိယအကျော့သမ္မတရွေးကောက်ပွဲ ကျင်းပရပါက မဲဆွယ်စည်းရုံးခွင့်ကာလကို ၂၀၂၄ ခုနှစ် ဇွန် ၂ ရက်မှ ၂၂ ရက်ထိ ၂၁ ရက်သတ်မှတ်ထားပြီး Silent Day သည် ၂၀၂၄ ခုနှစ် ဇွန် ၂၃ မှ ၂၅ ထိဖြစ်သည်။ သမ္မတရွေးကောက်ပွဲ၌ အနိုင်အရှုံး မပြတ်သားမှသာ ဒုတိယအကျော့ ရွေးကောက်ပွဲကို ဇွန် ၂၆ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ အောက်တိုဘာလတွင် သမ္မတသစ် ကျမ်းကျိန်ဆိုပွဲ ပြုလုပ်သွားမည်ဖြစ်သည်။

**မဲပေးခြင်း**

အသက် ၁၇ နှစ်ပြည့်ပြီး အင်ဒိုနီးရှားနိုင်ငံသားများ မဲပေးပိုင်ခွင့်ရှိသည်။ အသက်မပြည့်သေးသော်လည်း အိမ်ထောင်ပြုပြီးသူဖြစ်ပါက မဲပေးပိုင်ခွင့်ရှိသည်။ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များသည် မဲပေးပိုင်ခွင့်မရှိပေ။ မဲပေးပိုင်ခွင့်ရှိသူ သန်း ၂၀၀ ကျော်ရှိသည့်အနက် ထက်ဝက်ကျော်ခန့်သည် အသက် ၄၀ အောက် လူငယ်လူရွယ်များဖြစ်ပြီး ၎င်းတို့အနက် သုံးပုံတစ်ပုံခန့်သည် အသက် ၃၀ အောက် လူငယ်များဖြစ်ကြ၍ ကိုယ်စားလှယ်လောင်းများအနေဖြင့် "လူငယ်မဲ"သည်အရေးကြီးသည့်အတွက် လူမှုကွန်ရက်မှတစ်ဆင့် လူငယ်လူရွယ်များကို ပစ်မှတ်ထား၍ စည်းရုံးမှုများပြုလုပ်ခဲ့ကြသည်။ မဲဆန္ဒရှင်များထံသို့ ရွေးကောက်ပွဲမကျင်းပမီ ငါးရက်ခန့်အလိုတွင် မဲရုံတည်နေရာပါရှိသော မဲဆန္ဒရှင်သက်သေခံကတ်ပြားပေးပို့ထားပြီး မဲပေးလာသည့်အခါ ယင်းသက်သေခံကတ်ပြားနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် ပတ်စ်ပို့ကတ်ကို မဲရုံသို့ ယူဆောင်လာခဲ့ရမည်ဖြစ်သည်။

မဲဆန္ဒရှင်သည် မဲလက်မှတ်ငါးစောင် (သမ္မတနှင့် ဒုတိယသမ္မတ၊အထက်လွှတ်တော်၊ အောက်လွှတ်တော်၊ ပြည်နယ်နှင့် မြူနီစီပယ်တို့အတွက် တစ်စောင်စီ)ရရှိပြီးပါက လျှို့ဝှက်ဆန္ဒပြုခန်းသို့သွား၍ မိမိမဲပေးလိုသည့် ကိုယ်စားလှယ်လောင်း၏အမည်၊ နံပါတ်၊ ဓာတ်ပုံ၊ ပါတီလိုဂိုနေရာ တစ်ခုခုတွင်သံဖြင့် အပေါက်ဖောက်၍ မဲပေးရခြင်းဖြစ်သည်။ မဲလက်မှတ်ကိုခေါက်၍ သက်ဆိုင်ရာမဲပုံးအတွင်းသို့ထည့်၍ လက်ချောင်းတွင် မင်တို့ပြီးပါက မဲပေးခြင်းလုပ်ငန်းစဉ်ပြီးဆုံးသည်။ နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များအနေဖြင့် သမ္မတ၊ ဒုတိယသမ္မတနှင့် အောက်လွှတ်တော်တို့အတွက် မဲလက်မှတ် နှစ်စောင်သာ ရရှိမည်ဖြစ်သည်။ မြို့တော်ဂျကာတာရှိ အချို့နေရာများ၌ ဈေးဝယ်ရာတွင် မင်တို့ထားသော လက်ချောင်းကို ပြသနိုင်ပါက ရွေးကောက်ပွဲနေ့ အထူးလျှော့ဈေးများရရှိခြင်း၊ လက်ဆောင်များ ရရှိခြင်းတို့ရှိသည်။




မဲဆန္ဒရှင်တစ်ဦးမှ မဲပေးနေပုံ

**မဲလက်မှတ်ပုံစံ**

အင်ဒိုနီးရှားနိုင်ငံသည် မတူညီသော စံတော်ချိန် သုံးခုကြား တည်ရှိနေပြီး မဲရုံများကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီထိ ဒေသစံတော်ချိန်အလိုက်ဖွင့်လှစ်၍ မဲပေးခြင်းဆောင်ရွက်ခဲ့သည်။ မဲရုံပေါင်း ၈၂၀၀၀၀ ကျော်ဖွင့်လှစ်၍

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

မဲပေးခြင်းပြုလုပ်ခဲ့သည်။ နိုင်ငံပြင်ပ မဲပေးခြင်းကို ဇန်နဝါရီလအစောပိုင်းမှစ၍ နိုင်ငံအလိုက် မဲရုံပေါင်း ၃၀၀၀ ကျော်ဖွင့်လှစ်၍ ဆောင်ရွက်စေခဲ့သည်။ မဲရုံဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းပေါင်း ငါးသန်းကျော် ပါဝင်ဆောင်ရွက်ခဲ့သည်။ မဲပေးပိုင်ခွင့်ရှိသူ သန်း ၂၀၀ ကျော်ရှိသည့်အနက် နိုင်ငံပြင်ပရောက် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁ ဒသမ ငါးသန်းကျော်ခန့်ရှိသည်။ မဲပေးခြင်းလုပ်ငန်းစဉ်ပြီးသည်နှင့်တစ်ပြိုင်နက် မဲရုံများတွင် မဲရေတွက်ခြင်းကို စတင်သည်။ မဲရေတွက်ခြင်းအလုံးစုံပြီးစီးပါက တရားဝင်မဲရလဒ်ကို ၃၅ ရက်အတွင်း ကြေညာရမည်ဖြစ်သည်။

**သမ္မတလောင်းများ စကားစစ်ထိုးပွဲကျင်းပခြင်း**

အင်ဒိုနီးရှားနိုင်ငံတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် သမ္မတလောင်းများအတွက် စကားစစ်ထိုးပွဲ ငါးကြိမ်ကျင်းပဆောင်ရွက်သည်။ ယင်းစကားစစ်ထိုးပွဲကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြီး စစ်တမ်းများကောက်ယူသည်။ ပထမအကြိမ်တွင် ဥပဒေ၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာအကြောင်းအရာကိုလည်းကောင်း၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ်တို့တွင် ကာကွယ်ရေး၊ လုံခြုံရေး၊ ပထဝီဝင်အနေအထားနှင့် နိုင်ငံတကာဆက်သွယ်ရေးဆိုင်ရာအကြောင်းအရာကိုလည်းကောင်း၊စတုတ္ထအကြိမ်တွင် နိုင်ငံ၏စွမ်းအင်၊ သဘာဝတွင်းထွက်ပစ္စည်းများ၊ အစားအစာ၊ ကာဗွန်အခွန်ကိစ္စ၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်၊ တိုင်းရင်းသားလူမျိုးစုများဆိုင်ရာ



မဲလက်မှတ်ပုံစံ

အကြောင်းအရာကိုလည်းကောင်း၊ ပဥ္စမအကြိမ်တွင် နည်းပညာ၊ ပြည်သူ့ဝန်ဆောင်မှု၊ ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာအကြောင်းအရာများနှင့် ပတ်သက်၍ စကားစစ်ထိုးပွဲများ ကျင်းပခဲ့သည်။

**သမ္မတလောင်းနှင့် ဒုတိယသမ္မတလောင်းများ**

**အန်နီ ဘက်စ်ဝီဒန် (AniesBaswedan)**

အန်နီ ဘက်စ်ဝီဒန် (AniesBaswedan) သည် အသက် ၅၄ နှစ်အရွယ်ရှိပြီး ဂျကာတာမြို့တော် အုပ်ချုပ်ရေးမှူးဟောင်းနှင့် နိုင်ငံရေးသိပ္ပံ ပါမောက္ခဟောင်းတစ်ဦးဖြစ်သည်။ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ပညာသင်ကြားခဲ့ပြီး ပညာရေးဝန်ကြီးအဖြစ် နိုင်ငံရေးနယ်ပယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဂျကာတာအုပ်ချုပ်ရေးမှူးရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့စဉ်က အငြင်းပွားမှုများဖြစ်ပွားခဲ့ပြီး ၎င်း၏ပြိုင်ဘက်ဖြစ်သူကို ပုတ်ခတ်စော်ကားမှုဖြင့် ထောင်ဒဏ်ချမှတ်ခံခဲ့ရသူဖြစ်သည်။ ၎င်း၏ ဒုတိယသမ္မတပြိုင်ဘက်ဖြစ်သူ Muhaimin Iskandar သည် အသက် ၅၇ နှစ်အရွယ်ရှိ ပြည်သူ့ကိုယ်စားလှယ်ကောင်စီ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး အင်ဒိုနီးရှား၏ အကြီးဆုံး မွတ်စလင်နိုင်ငံရေးပါတီ National Awakening Party (PKB) ၏ ခေါင်းဆောင်လည်းဖြစ်သည်။၎င်းတို့သည် အင်ဒိုနီးရှားကို တရားမျှတပြီး သာယာဝပြောစေရန်နှင့် နိုင်ငံတစ်ဝန်းတွင် အလုပ်အကိုင်များပိုမိုဖန်တီးပေးပြီး အသေးစားလုပ်ငန်းရှင်များအတွက် တန်းတူအခွင့်အရေးများ မြှင့်တင်ပေးမည်ဟု ကတိပြုခဲ့သည်။

**ပရာဘိုဝိုဆူဘီရန်တို(Prabowo Subianto)**

ပရာဘိုဝိုဆူဘီရန်တို (Prabowo) သည် အသက် ၇၂ နှစ်အရွယ်ရှိ စစ်ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်ပြီး လက်ရှိ ကာကွယ်ရေးဝန်ကြီးလည်းဖြစ်သည်။ ယခင် အာဏာရှင်ဟောင်း ဆူဟာတို၏ သမက်တော်သူလည်းဖြစ်သည်။ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် သမ္မတရွေးကောက်ပွဲများတွင် သမ္မတဂျိုကိုဝီဒိုဒို ကို ရှုံးနိမ့်ခဲ့ပြီး ယခုအကြိမ်သည် တတိယအကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပရာဘိုဝိုသည် စစ်တပ်တွင် တာဝန်ထမ်းဆောင်စဉ်ကာလ ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းကာလများတွင် ဒီမိုကရေစီအရေးလှုပ်ရှားသူဦးရေ ၂၀ ခန့်ကို ပြန်ပေးဆွဲမှုဖြင့် တရားစွဲဆိုခံခဲ့ရဖူးသည်။ အရှေ့တီမောနှင့် ပါပူဝါတို့တွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုဖြင့် စွပ်စွဲခံခဲ့ရပြီး ၁၉၉၈ ခုနှစ်တွင် တပ်မတော်မှ နုတ်ထွက်ခဲ့သည်။ သမ္မတ ဂျိုကိုဝီဒိုဒိုလက်ထက်တွင် ကာကွယ်ရေးဝန်ကြီးဖြစ်လာပြီး ၂၀၂၀ ပြည့်နှစ်ထိ အမေရိကန်ပြည်ထောင်စုသို့ ပြည်ဝင်ခွင့် တားမြစ်ခြင်းခံခဲ့ရသည်။ ပရာဘိုဝိုသည် အမျိုးသားရေးဝါဒီ၊ လက်ယာယိမ်းလူကြိုက်များသော နိုင်ငံရေးပါတီဖြစ်သည့် Gerin-dra၏ ခေါင်းဆောင်ဖြစ်ပြီး Golkar ပါတီနှင့် National Mandate Party (PAN) တို့၏ ကျောထောက်နောက်ခံရှိသူလည်းဖြစ်သည်။ ပရာဘိုဝိုသည် ကျေးလက်၊ ကမ်းရိုးတန်း၊ မြို့ပြဒေသများတွင် လူနေအိမ်သစ် သုံးသန်းကျော်ဆောက်လုပ်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့နေ့လယ်စာအစီအစဉ်ကိုဆောင်ရွက်ရန်စသည့် ၎င်း၏အစီအစဉ်များကို ချပြပြောကြား၍ မဲဆွယ်စည်းရုံးမှုများပြုလုပ်ခဲ့သည်။

၎င်းနှင့်အတူ ဒုတိယသမ္မတလောင်းအဖြစ် ရွေးကောက်ခံရန်ရှိသည့် Gibran Rakabuming Raka သည် အသက် ၃၆ နှစ်အရွယ်ရှိ Surakarta ၏ လက်ရှိ မြို့တော်ဝန်တစ်ဦးဖြစ်ပြီး သမ္မတဂျိုကိုဝီဒိုဒို၏ သားတစ်ဦးလည်းဖြစ်သည်။ သမ္မတနှင့် ဒုတိယသမ္မတလောင်းများ၏ အသက်သတ်မှတ်ချက်မှာ ၄၀ နှစ်ဖြစ်သော်လည်း အင်ဒိုနီးရှားနိုင်ငံဖွဲ့စည်းပုံအခြေခံ




သမ္မတလောင်းများ စကားစစ်ထိုးပွဲကျင်းပနေပုံ

ဥပဒေဆိုင်ရာခုံရုံးမှ လွန်ခဲ့သော အောက်တိုဘာလတွင် အသက်မပြည့်သေးသည့် ကိုယ်စားလှယ်လောင်းများသည် ယခင် အများပြည်သူဆိုင်ရာရုံးအတွက် ရွေးချယ်တင်မြှောက်ခံရပါက ကိုယ်စားလှယ်လောင်းအဖြစ် ရပ်တည်နိုင်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းကြောင့် Gibran သည် ဒုတိယသမ္မတလောင်းအဖြစ်ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**ဂျန်ဂျာ ပရာနိုဝို(GanjarPranowo)**

ဂျန်ဂျာ ပရာနိုဝို (GanjarPranowo) သည် အသက် ၅၅ နှစ်အရွယ်ရှိပြီး လက်ရှိ အာဏာရပါတီမှ ရွေးချယ်ကိုယ်စားပြုခြင်းဖြစ်သည်။ အလယ်ဂျာဗားပြည်နယ်၏ အုပ်ချုပ်ရေးမှူးအဖြစ် နှစ်ကြိမ်ဆက်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးသမ္မတဖြစ်သူ Sukarno ၏ သမီးဖြစ်သူ Megawati Sukarnoputri ခေါင်းဆောင်သော ၂၀၁၄ နှင့် ၂၀၁၉ ခုနှစ်များတွင် ဂျိုကိုဝီဒိုဒိုကို သမ္မတရာထူးနေရာအတွက် ကျောထောက်နောက်ခံပြုသည့်ပါတီ Indonesian Democratic Party of Struggle (PDI-P)၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

၎င်းနှင့်အတူ ဒုတိယသမ္မတလောင်းအဖြစ် ရွေးကောက်ခံရန်ရှိသည့် Mahfud MD သည် အသက် ၆၆ နှစ်အရွယ်ရှိပြီး နိုင်ငံရေး၊ တရားရေးနှင့် လုံခြုံရေးဆိုင်ရာညှိနှိုင်းရေး ဝန်ကြီးဟောင်းတစ်ဦးဖြစ်သည်။ GanjarPranowo နှင့် ၎င်း၏ဒုတိယသမ္မတလောင်းဖြစ်သူ Mahfud MD တို့သည် အင်ဒိုနီးရှားသာမန်ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို နားထောင်နိုင်ရန် နိုင်ငံအနှံ့လှည့်လည်သွားရောက်ကြပြီး ပြည်သူများ၏ လူနေမှုဘဝတိုးတက်ရေးအတွက် လူမှုကူညီထောက်ပံ့မှု အစီအစဉ်လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကြသည်။ အစိုးရဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအတွက် လစာတိုးပေးမည်ဟု ကတိပြုခဲ့သည်။

**ကနဦးရွေးကောက်ပွဲရလဒ်များ**

KPU မှ တရားဝင် မဲရလဒ်ကြေညာချက် မထွက်သေးသော်လည်း ရှေ့ပြေး မဲရလဒ်များအရ ပရာဘိုဝိုက ၅၇ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၅၉ ဒသမ ၈ ရာခိုင်နှုန်းကြားတွင်လည်းကောင်း၊ အန်နီဘက်စ်ဝီဒန်က ၂၇ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် ၂၆ ဒသမ ၃၉ ရာခိုင်နှုန်းကြားတွင်လည်းကောင်း၊ ဂျန်ဂျာ ပရာနိုဝိုက ၁၆ ဒသမ ၇၂ ရာခိုင်နှုန်းနှင့် ၁၇ ဒသမ ၁၂ ရာခိုင်နှုန်းကြားတွင်လည်းကောင်း အသီးသီးရရှိထားသည်။ ကနဦးထွက်ပေါ်လာသည့် မဲရလဒ်များအရ ပရာဘိုဝိုဆူဘီရန်တိုက မဲအသာစီးဖြင့် ဦးဆောင်လျက်ရှိကြောင်း သိရသည်။ ဥပဒေပြုလွှတ်တော်တွင် Indo-nesian Democratic Party of Struggle (PDI-P) ပါတီမှ ကိုယ်စားလှယ်နေရာအများဆုံးဖြင့် ဦးဆောင်နေသည်ကို တွေ့ရှိရပါသည်။

**နိဂုံး**

ကမ္ဘာ့အကြီးဆုံး တစ်ရက်တာရွေးကောက်ပွဲကြီးကို အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၄ ရက်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် သမ္မတကို ပြည်သူကတိုက်ရိုက်ရွေးကောက်တင်မြှောက်သည့်အတွက် ပါတီ၏ ကျောထောက်နောက်ခံထက် သမ္မတလောင်း၏ အရည်အချင်းပေါ်တွင် များစွာမူတည်နေသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ ထက်ဝက်ခန့်သည် လူငယ်လူရွယ်များဖြစ်သည့်အတွက် ရွေးကောက်ပွဲရလဒ်၏ အဆုံးအဖြတ်သည် အင်ဒိုနီးရှားလူငယ်များအပေါ် များစွာမှီတည်နေသည်ကို သိရှိရပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများသည် လူငယ်မဲဆန္ဒရှင်များအတွက် ဦးစားပေးမျှော်မှန်းချက်ဖြစ်၍ ၎င်းအခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် နိုင်ငံ့ခေါင်းဆောင်ကို လိုလားတောင့်တသောကြောင့် ရွေးကောက်ပွဲတွင် စိတ်အားထက်သန်စွာဖြင့် မဲပေးရွေးချယ်ခဲ့ကြကြောင်း သိရှိရပါသည်။

**ရည်ညွှန်းကိုးကား**

- https: // www.aljazeera .com / news/ 2024/ 2 /9 /indonesian-elections - 2024 -all-you-need-to-know
- https:// en.wikipedia.org/ wiki/ 2024_Indonesian_general_election#Electoral_system
- http://archive.ipu.org/parline-e/reports/2147_B.htm
- https://aerc.anfrel.org/country/indonesia/election-management/
- https: // www. aljazeera. com / news/2024/2/9/indonesian-elections - 2024 - all - you - need-to-know
- https: // www.channelnewsasia.com/asia/indonesia-presidential-elections-anies-baswedan-prabowo-subianto-ganjar-pranowo-4098501
- https://www.thejakartapost.com/election-2024/in-depth
- https: //www.thejakartapost.com/indonesia/2024/01/25/how-to-vote-in-the-2024-general-election.html

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၁၅၀၄၈၈၊ ၀၆၇-၄၁၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၃

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၃၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**






# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်





၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေရာသီကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလတို့အတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လေပြင်းတိုက်ခတ်မှုအကြိမ်ရေ(၆၅၀)ကျော်ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း(၂၁၇၀၀)ကျော် ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူသေဆုံး၊ ထိခိုက်၊ ဒဏ်ရာရမှုများလည်း ဖြစ်ပေါ်ခဲ့ပါသည်။

၃။ လေပြင်းတိုက်ခတ်မှုများကြောင့် ထိခိုက်မှုများလျော့နည်းစေရန်အတွက် အသိပညာပေးခြင်း၊ လေပြင်းဒဏ်ခံနိုင်ရည်နည်းပါးနိုင်သည့် အိုးအိမ်များရွေးချယ်၍ အားဖြည့်ပြင်ဆင်ပေးခြင်းတို့ကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(ခ) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင်ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင်မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင်ဆောင်ရွက်ပါ။

(ဂ) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့်ခိုင်မြဲစွာချည်နှောင်ပါ။

(ဃ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

၅။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကိုသတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့်ပစ္စည်းများ လေနှင့်အတူလွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့်ဝေးရာတွင်နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှုအလွန်ပြင်းထန်ပါက ခိုင်ခံ့သောစားပွဲ (သို့မဟုတ်)ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားပါ။

၆။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ စသည့်အကူအညီ လိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အမ်းမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကျေးရွာခုနစ်ရွာမှ အိမ်ထောင်စု ၃၀၇ စုတို့အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။**

**နေပြည်တော် ဧပြီ ၂၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ် အမ်း-ပဒါန်းလမ်းကြောင်းပေါ်ရှိ တောင်စောက်ကျေးရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ယာယီနေရပ်စွန့်ခွာသူ ဒေသခံပြည်သူ ၅၈ ဦးတို့ကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အမ်း-ပဒါန်းလမ်းကြောင်းပေါ်ရှိ ကျေးရွာ ခုနစ်ရွာမှ အိမ်ထောင်စု ၃၀၇ စုတို့အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် မိုးကုတ်ဝိပဿနာမဂ်လာရိပ်သာရှိ သံဃာတော် ၃၆ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၅၇ ပါးနှင့် ဒေသခံပြည်သူ ၂၇ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရိပ်သာ၌ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်း၊ သွေးအုပ်စုခွဲခြားပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အမေရိကန်နိုင်ငံ ကိုချိစ်ကောင်တီရှိ အဝေးပြေးလမ်းမကြီးများဘေးတွင် တောမီးလောင်ကျွမ်းမှုလျှော့ချနိုင်ရေးအတွက် သတိပြုရမည့်အချက်များထုတ်ပြန်



**ဝါရှင်တန် မေ ၂၀**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ကိုချိစ်ကောင်တီရှိ အဝေးပြေးလမ်းမကြီးများဘေးတွင် နှစ်စဉ်နှစ်တိုင်း မကြာခဏတောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေခြင်းကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်စဉ်များ လျှော့ချနိုင်ရေးအတွက် သတိပြုရမည့်အချက်များကို ကိုချိစ်ကောင်တီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကိုချိစ်ကောင်တီရှိ အဝေးပြေးလမ်းမကြီးများအနီးတွင် တောမီးများ မကြာခဏလောင်ကျွမ်းမှုဖြစ်ပွားနေသည့်ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် လမ်းညွှန်ချက်များအတိုင်းလိုက်နာရမည်ဖြစ်ကြောင်း အရီဇိုးနားပြည်နယ် မီးသတ်တပ်ဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး မန်ဂါရှိက ပြောကြားခဲ့သည်။

"ကိုချိစ်ကောင်တီမှာရှိတဲ့ အဝေးပြေးလမ်းမကြီးဘေးတွေမှာ နှစ်စဉ်နှစ်တိုင်းတောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်ခဲ့တယ်။ တောမီးလောင်ကျွမ်းမှုကို လျှော့ချနိုင်ဖို့အတွက် တောမီးလောင်ကျွမ်းမှု ကြိုတင်ကာကွယ်ရေး အစီအစဉ်တွေကို ဆောင်ရွက်နေပါတယ်။ သတိပြုရမဲ့အချက်တွေကိုလဲ ထုတ်ပြန်ပေးထားပါတယ်။ သတိပြုရမဲ့အချက်တွေကတော့များပါတယ်။ ဒီထဲမှာ ကားကို အရှိန်ပြင်းထန်စွာမောင်းနှင်ခြင်းမပြုဖို့အချက်လဲ ပါဝင်နေပါတယ်"ဟု မန်ဂါရှိက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်နေသည့်အချိန် အဝေးပြေးလမ်းမကြီးထက်တွင် အရှိန်မြင့်မားစွာ မော်တော်ယာဉ်မောင်းနှင်ပါက ကားတာယာများ ကတ္တရာလမ်းဖြင့် ပွတ်တိုက်ကာ ထွက်ပေါ်လာသော မီးပွားများကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်လာနိုင်သည်ဟု မန်ဂါရှိက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာပြည်နယ်ရှိ ခရိုင်ပေါင်းရှစ်ခရိုင်တွင် အပူလှိုင်းဖြတ်သန်းဖွယ်ရှိ

**နယူးဒေလီ မေ ၂၀**

အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာပြည်နယ်ရှိ ခရိုင်ပေါင်း ရှစ်ခရိုင်တွင် လာမည့်ရက်ပိုင်းအတွင်း အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေပြီး အပူချိန် မြင့်တက်လာမည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူလှိုင်းဖြတ်သန်းဖွယ် ရှိနေသည့် ခရိုင်ရှစ်ခရိုင်အနက် အပူချိန်အမြင့်ဆုံး အခြေအနေသို့ ရောက်ရှိနိုင်သည့်မြို့များမှာ မွမ်ဘိုင်းမြို့၊ သန်နီမြို့နှင့် နာရှိခ်မြို့တို့ဖြစ်ပြီး အပူချိန်ပမာဏမှာ ၄၃ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိသွားနိုင်ကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"ခရိုင်ပေါင်းရှစ်ခရိုင်မှာ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိနေပါတယ်။ စံချိန်တင်အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေတဲ့ကာလအတွင်း တချို့ဒေသတွေမှာမိုးသည်းထန်စွာရွာသွန်းလာဖွယ်ရှိနေတယ်။ ရာသီဥတုတွေ တစ်နေရာနဲ့ တစ်နေရာ သိသိသာသာပြောင်းလဲမှုတွေဖြစ်ပေါ်နေတယ်။ မြင့်တက်လာနိုင်တဲ့ အပူချိန်ပမာဏဟာ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် သုည ဒသမ ၄ ဒီဂရီစင်တီဂရိတ်ကနေ ၃ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာဖွယ်ရှိနေပါတယ်။ မိုးသည်းထန်စွာရွာသွန်းနေတဲ့ ဒေသတွေမှာတော့ မိုးကြိုးပစ်တာတွေပါ ဖြစ်ပေါ်လာနိုင်တဲ့အတွက် အန္တရာယ်ရှိတဲ့အခြေအနေမျိုးပါ"ဟု အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ခရိုင်ရှစ်ခရိုင်တွင် အပူလှိုင်းဖြတ်သန်းဖွယ် ရှိနေသော်လည်း မိုးသည်းထန်စွာရွာသွန်းလာဖွယ်ရှိနေသည့်ခရိုင်များစာရင်းကို အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့ရာတွင် ဆင်ဟူဒက်ခရိုင်၊ ရက်နာဂီရီခရိုင်၊ ဆာတာရာခရိုင်၊ ဆန်ဂလီခရိုင်၊ နာဂါခရိုင်၊ ဒါရာရှိဗ်ခရိုင်၊ လာတူခရိုင်၊ ဘိဒ်ခရိုင်၊ ပက်ဘာနီခရိုင်၊ နန်ဒက်ခရိုင်နှင့် ဟင်ဂိုလီခရိုင်တို့ပါဝင်ကြောင်း၊ ဖော်ပြပါခရိုင်များထဲမှ တချို့တွင် မိုးရွာသွန်းကာ မိုးကြိုးပစ်သည့် အခြေအနေမျိုး ဖြစ်ပွားလာနိုင်ဖွယ်ရှိနေသော်လည်း အပူချိန်မှာ လျော့ကျသွားဖွယ် မရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အစ္စရေးနိုင်ငံတစ်ဝန်းတွင် လေထုညစ်ညမ်းမှုမြင့်မားနေကြောင်း အစိုးရက သတိပေးချက်ထုတ်ပြန်

**ဂျေရုဆလင် မေ ၂၀**

အစ္စရေးနိုင်ငံတစ်ဝန်း လေထုညစ်ညမ်းမှု မြင့်မားနေကြောင်း ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု မေ ၁၉ ရက် သတင်းများအရ သိရသည်။

အစ္စရေးနိုင်ငံတစ်ဝန်းတွင် မေ ၁၈ ရက်က အာဖရိကမြောက်ပိုင်းဒေသများမှ ဝင်ရောက်လာသော ဖုန်မှုန့်များကြောင့် လေထုအရည်အသွေးကျဆင်းမှု ဖြစ်ပေါ်ခဲ့ပြီး နှလုံးရောဂါရှိသူများ၊ အဆုတ်ရောဂါရှိသူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များအပါအဝင် ကျန်းမာရေးချို့တဲ့သူများအနေဖြင့် ပြင်ပတွင် ကိုယ်လက်လှုပ်ရှားမှု မပြုလုပ်ကြရန်နှင့် ပြင်ပသို့ သွားလာမှုများကို တတ်နိုင်သမျှ လျှော့ချရန် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမှုန်အမွှားများဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အစ္စရေးနိုင်ငံအနေဖြင့် သဲကန္တာရဒေသများနှင့် နီးကပ်စွာတည်ရှိနေခြင်းအပြင် စက်မှုလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ဓာတ်ငွေ့ထုတ်လွှတ်မှုများကြောင့်ပါ ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။



၂၀၂၃ ခုနှစ်က ထုတ်ပြန်ခဲ့သည့် လေထုအရည်အသွေးဆိုင်ရာ ထုတ်ပြန်ချက်များအရ အစ္စရေးနိုင်ငံ၏ လေထုအရည်အသွေးသည် ၂၀၁၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တိုးတက်မှုများရှိခဲ့သော်လည်း လေထုအတွင်း PM 2.5 အမှုန်အမွှားပါဝင်မှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည်ထက် ၃ ဒသမ ၅ ဆခန့် ပိုမိုမြင့်မားနေသေးကြောင်း သိရသည်။

ထိုကဲ့သို့ လေထုညစ်ညမ်းမှုကြောင့် နှလုံးရောဂါ၊ ပန်းနာရင်ကျပ်ရောဂါတို့ကို ဖြစ်နိုင်ခြေများစေပြီး ကိုယ်ဝန်ဆောင်မိခင်များ မွေးဖွားရာတွင် ပေါင်မပြည့်ရင်သွေးများ မွေးဖွားနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# ကနေဒါနိုင်ငံ အယ်ဘာတာပြည်နယ်တောင်ဘက်ပိုင်းတွင် သောက်သုံးရေအကန့်အသတ်ဖြင့်သာသုံးစွဲသွားရမည့်အချက်ကို ဒေသခံများလက်ခံခဲ့

**အော့တာဝါ မေ ၂၀**

ကနေဒါနိုင်ငံ အယ်ဘာတာပြည်နယ် တောင်ဘက်ပိုင်းတွင် မိုးခေါင်မှုကြောင့် သောက်သုံးရေရှားပါးလာသည့်အတွက် အယ်ဘာတာပြည်နယ် အာဏာပိုင်အဖွဲ့အစည်း၏ သောက်သုံးရေအကန့်အသတ်ဖြင့်သာ သုံးစွဲသွားရမည့်အချက်ကို ဒေသခံများက လက်ခံခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိ အခြေအနေတွင် သောက်သုံးရေအကန့်အသတ်ဖြင့် သုံးစွဲရမည့် သဘောတူညီချက်ကို အတည်ပြုသွားမည် မဟုတ်သေးဘဲ မိုးခေါင်သည့်အခြေအနေ ပိုမိုဆိုးရွားလာမှသာ ၎င်းသဘောတူညီချက်ကို စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အယ်ဘာတာပြည်နယ် အာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

"နွေကာလမှာ သောက်သုံးရေကို အကန့်အသတ်နဲ့ သုံးစွဲခွင့်ပြုသွားမဲ့ဆွေးနွေးမှုကို ဒေသခံတွေ လက်ခံသဘောတူလိုက်ပြီ ဖြစ်ပါတယ်။ ဒီသဘောတူညီချက်ကိုရရှိဖို့အတွက် နာရီပိုင်းအတွင်းဆွေးနွေးခဲ့ရတာမဟုတ်ပါဘူး။ ကာလရှည်ဆွေးနွေးခဲ့ရပြီးတော့မှ ခက်ခက်ခဲခဲရရှိလာတဲ့ သဘောတူညီချက်ဖြစ်ပါတယ်"ဟု အယ်ဘာတာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ရေဗက္ကာက ပြောကြားခဲ့သည်။

နွေရာသီ သောက်သုံးရေပြတ်လပ်သွားခြင်း မရှိစေရေးအတွက် ရက်ဒီယာမြစ်၊ ဘောမြစ်၊ အိုးမန်းမြစ်ရှိ ရေအရင်းအမြစ်ကို ထိန်းသိမ်းသွားမည်ဖြစ်ပြီး ၎င်းမြစ်များအတွင်းမှတစ်ဆင့် ဆည်မြောင်းများ၊ ရေလှောင်တမံများသို့ရေသွင်းခြင်းကိုလည်း ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အယ်ဘာတာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။


**Ref : Russia Today**
**Trs : Sai Sat**

## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ



# အစ်မကြီး အမိအရာ

မယ်မင်းခ (စရာ)




(၁)

"ဘကြီးတို့ မပြန်ကြပါနဲ့အုံးနော်။ ဒီတစ်ညတော့ အိပ်ကြပါအုံး"

"အေးပါ ငါ့တူမကြီးရယ်။ ဘာမှအားငယ်မနေနဲ့ ကိစ္စတွေအားလုံးပြီးမှ ပြန်မှာပါ"

မသန်းရီသည် မျက်ရည်စက်လက်ဖြင့် ခေါင်းညိတ်ပြရှာ၏။ ဖခင်ဆုံးပြီးချိန်ကစ၍ မိခင်နှင့်အတူ မိသားစုအတွက် ရုန်းကန်ခဲ့ရသည်။ ယခု အသက် ၃၀ ကျော် အရွယ်ထိ အိမ်ထောင်မပြုသေး။ ညီမတစ်ယောက်နှင့် မောင်တစ်ယောက်ရှိသည်။ နှစ်ယောက်စလုံး အိမ်ထောင်ကျ၍ အိမ်ခွဲများဖြစ်ကြသည်။ မိခင်အိုကြီးနှင့်အတူ သားအမိနှစ်ယောက်သာ ကျန်ခဲ့ရ၏။ ယခု မိခင်ကြီးဆုံးရှာပြီ။ ခိုကိုးရာမဲ့စွာ ကျန်ရစ်ခဲ့ရပြန်၏။

"ငါ့တူမ ဘာမှအားငယ်မနေနဲ့ ဆွေမဲ့မျိုးမဲ့ မဟုတ်ဘူး။ အရီးလေးတို့လဲရှိတယ်။ မောင်တွေ၊ ညီမတွေလဲရှိတယ်။ ဘာမှစိတ်ဓာတ်ကျမနေနဲ့နော်"

"ဟုတ်ကဲ့ပါ အရီးလေး"

မိခင်၏ရက်လည်ဆွမ်းသွတ်ကို လာကြသော ဆွေမျိုးများက နှစ်သိမ့်ပေးကြရှာ၏။ မသန်းရီသည်လည်း မျက်နှာငယ်လေးဖြင့် နားထောင်နေရှာ၏။

"လူကြီးတွေစုံတုန်း တို့မောင်နှမတွေ မျက်နှာစုံညီ စကားပြောကြအုံးစို့"

မောင်ငယ် ထွန်းနိုင်က စကားစလာ၏။ အမွေခွဲဝေမည့်ကိစ္စဖြစ်၏။ ညီမအလတ်ဖြစ်သူ အေးရီလည်း နားထောင် ၍ငြိမ်နေ၏။ မသန်းရီလည်း မည်သို့မျှဝင်၍ မပြောပေ။ စိတ်မဝင်စားသည့်ဟန်ဖြင့်သာ ငူငူကြီး ထိုင်နေ၏။

"ကဲ ဘကြီးတို့ရှိတုန်း မင်းတို့သဘောထားကို ပွင့်ပွင့်လင်းလင်းပြောကြ။ သင့်တော်၏ မသင့်တော်၏ ဆိုတာကို လူကြီးတွေက ဆုံးဖြတ်ပေးမှာပေ့ါ"

အိမ်ပေါ်ရှိစကားဝိုင်းတွင် ဘကြီးမှုန်းသည် အသက်အကြီးဆုံးဖြစ်သည်။ မသန်းရီတို့မိခင်၏ အစ်ကိုအကြီးဆုံးဖြစ်၏။

"အခုအိမ်နဲ့ခြံကိုတော့ အစ်မကြီးပဲယူပေ့ါ။ ကျန်တဲ့ယာမြေတွေနဲ့ နွားခြောက်ကောင်ကိုတော့ သုံးပုံပုံပြီး ခွဲယူကြတာပေ့ါ"

မောင်ထွန်းနိုင်၏စကားကို အားလုံးအံ့အားသင့်နေကြသော်လည်း မသန်းရီက မျက်နှာမပျက်ပေ။ မအေးရီလည်း ငြိမ်လျက်။ အခြေအနေကိုတစ်ချက်အကဲခတ်ကာ မောင်ထွန်းနိုင်က စကားကိုဆက်၏။

"ကျွန်တော်က နွားကိုတော့ မလိုချင်ဘူး။ မုန်းချောင်းနံဘေးကကိုင်းမြေတွေအကုန်လုံးကိုပဲလိုချင်တယ်။ အဲဒါရရင်ကျေနပ်ပြီ"ဟု စကားကိုဖြတ်လိုက်၏။

သူလိုချင်တာမရလျှင် မကျေနပ်ဘူးဟူသော ပုံဖြင့် မျက်နှာကို တင်းတင်းထားလျက်ရှိ၏။ စကားဝိုင်းသည် ခေတ္တတိတ်ဆိတ်သွား၏။ ဘကြီးမုန်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး လူအားလုံးကိုတစ်ချက် အကဲခတ်သလို ကြည့်လိုက်၏။

"မင်းတို့အငယ်နှစ်ယောက် အိမ်ထောင်ကျပြီး အိမ်ခွဲသွားကြတော့ ယာတွေ၊ နွားတွေနဲ့ပြည့်ပြည့်စုံစုံ ချပေးပြီးသားမို့လားကွဲ့။ အခုပြန်ပြီး သုံးပုံ ပုံရ အုံးမယ်ဆိုတာတော့ သန်းရီအတွက်လဲ ငဲ့အုံးမှပေ့ါ။ သူလဲအိမ်ထောင်ပြုချင်ပြုအုံးမှာပဲ။ တစ်ယောက်ထဲနေသွားမယ်ဆိုရင်လဲ ရင်းနှီးစားသောက်ဖို့လိုသေးတယ် မဟုတ်လား"

စကားအရှည်ကြီးပြောလိုက်ရ၍ မောသွားဟန်ရှိ၏။ သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ နွားမသုံးကောင်လိုချင်တယ်။ ကျွန်မအိမ်ခွဲတုန်းက အမေက နွားကြီးတစ်ရှဉ်ပဲပေးလိုက်တာ။ ကိုယ့်ခြံထွက်နွားလေးရချင်လို့ နွားမ သုံးကောင် ရရင်တော်ပါပြီ"

အေးရီပြောလိုက်သောစကားဖြစ်သည်။ ဘကြီးမုန်းပြောသည့်စကားကိုဂရုမစိုက်။ လိုချင်တာကို ရှေ့တန်းတင်၍သာ တောင်းဆိုနေကြ၏။ ထွန်းနိုင်ရော အေးရီပါ နည်းနည်းမျှလျှော့မည့်ပုံမပေါ်။

"သူတို့လိုချင်တာ ယူကြပါစေ။ ကျန်တာကိုပဲ ကျွန်မ ယူပါ့မယ်"

ဘကြီးမုန်းဘက်သို့လှည့်ကာ မသန်းရီက ပြောလိုက်၏။ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စကားဝိုင်း အဆုံးသတ်သွား၏။

(၂)

မသန်းရီ ဝေစုရသော ယာကွက်ကလေးသည် ရွာနှင့်မနီးမဝေးတွင်ဖြစ်၏။ ရာသီအလိုက်သီးနှံများကို ကိုယ့်အားကိုယ်ကိုး စိုက်ပျိုး၍ လုပ်ကိုင်စားသောက်၏။ အမွေဝေစုရသော နွားမသုံးကောင်ကို မွေးဖက်ပေးထား၏။ နွားမများမှပေါက်ဖွားလာသောနွားများကို နွားအရှင်နှင့်မွေးဖက်ယူသူ တစ်ယောက်တစ်ဝက် ဝေစုရမည်ဖြစ်သည်။ နွားမွေးဖက်မှ ဝေစုရသည်များကို အိုစာမင်းစာအဖြစ် ရည်ရွယ်ထား၍ သီးနှံရောင်းရငွေလေးဖြင့်ပင် ခြစ်ခြစ်ကုတ်ကုတ် စားသောက်ရှာ၏။

"အရီးကြီး အရီးကြီး အမေကပြောင်းဖူးပို့ခိုင်းလိုက်လို့"

ထွန်းနိုင်၏ သမီးလေးသည် ပြောင်းဖူးလွယ်အိတ်ကို မနိုင့်တနိုင်လွယ်၍ ဝင်လာ၏။ ပြောင်းဖူးကြိုက်သော မသန်းရီသည် အားရဝမ်းသာဖြစ်သွား၏။ မိစု လွယ်လာသော လွယ်အိတ်ကို အပြေးလေးထွက်၍ ကြိုလေသည်။

"အဲဒါ အမေက တစ်ထောင်ဖိုးတဲ့။ အပိုလဲထည့်ပေးလိုက်သေးတယ်တဲ့ "

ဆန်ကောထဲသို့ ပြောင်းဖူးများသွန်နေသော မသန်းရီ၏လက်များသည် ချက်ချင်းငြိမ်ကြသွား၏။ သူစိမ်းဆန်ရက်လေခြင်းဟူသောအတွေးဖြင့် ရင်ထဲနာကျင်သွား၏။

"အေးအေး သမီးလေး။ အရီးကြီးပေးလိုက်မယ်နော်။ ခဏစောင့် "

ကျလာမည်ဖြစ်သောမျက်ရည်များကို သက်ပြင်းတစ်ချက်ဖြင့် တိုက်ထုတ်လိုက်သည်။ ပိုက်ဆံတစ်ထောင်တန်ကိုင်၍ ခုန်ပေါက်ပြေးထွက်သွားသော မိစုကိုကျောခိုင်းလျက် မျက်နှာညှိုးငယ်စွာဖြင့် ပြောင်းဖူးများကို ငေးကြည့်နေတော့၏။

(၃)

နံနက်ဝေလီဝေလင်း အရုဏ်တက်ချိန်တွင် မသန်းရီသည် ဘုရားဆွမ်းကပ်၏။ ဘုရားရှိခိုး အမျှဝေ၏။ ထို့နောက် ဘုန်းကြီးကျောင်းသို့ ဆွမ်းပို့သွား၏။ ကျန်းမာရေးမကောင်းသည့်ရက်မှလွဲ၍ အရုဏ်ဆွမ်းအလှူကို နေ့စဉ်ဝတ်မပျက်အိပ်ရာထ၍ ချက်ပြုတ်တတ်၏။ ထိုသို့ ကုသိုလ်ကောင်းမှုများပြုပြီးမှ ကျန်သည့်အိမ်မှုကိစ္စများ၊ ယာချောင်းအလုပ်များကို ဆောင်ရွက်၏။ ဤသည်ပင် မသန်းရီ၏ နေ့စဉ်ဘဝဖြစ်သည်။

"အစ်မသန်းရီ အစ်မသန်းရီ"

"ဟဲ့ မောင်နီ ဘာတုံးဟဲ့။ မထိတ်သာ မလန့်သာနဲ့ ဘာဖြစ်လာတာလဲ"

အေးရီ၏ယောကျ်ား မောင်နီသည် ခြံဝင်းထဲသို့ အပြေးတစ်ပိုင်း အော်ခေါ်လျက်ဝင်လာသည်။ မောင်နီ၏ ရေးကြီးသုတ်ပျာအသံကြောင့် ချုပ်လက်စ အဝတ်နှင့်လက်ချုပ်အပ်ကို ဘေးသို့ချထားလိုက်၏။

"အစ်မ ညီမ အေးရီ မွေးတော့မယ်ထင်တယ်။ ဗိုက်နာတယ်ဆိုလို့။ အခုပဲဆေးရုံပို့တော့မလို့။ အဲဒါ အစ်မက လူနာစောင့်လိုက်ခဲ့ပေးဖို့ လာပြောတာ။ ဒါပဲနော်အစ်မ။ ကျွန်တော်သွားပြီ"

ဆေးရုံသို့လူနာစောင့်လိုက်ရမည်ဆို၍ မသန်းရီ အလုပ်ပြင်ရတော့သည်။ ငါးရက်၊ တစ်ပတ်လောက်ကြာမည်ဖြစ်သဖြင့် အိမ်ရှိပစ္စည်းများကိုလည်း သေသေချာချာသိမ်းဆည်းရင်းဖြင့် အလုပ်ရှုပ်သွား၏။

"မမကြည်ရေ။ ကျွန်မ မိအေးရီနောက်ကို လူနာစောင့်လိုက်ရမှာမို့ အိမ်ကိုကြည့်ပေးပါအုံးနော်။ ဒီမှာ ဆန်ကွဲတစ်ပြည်ထားခဲ့တယ် ကြက်ကလေးတွေအစာကျွေးပေးပါအုံး"

"အေးအေး မလေးရေ။ စိတ်ချစိတ်ချ "

အိမ်တံခါးသော့သေချာပိတ်၍ ခြံတံခါးကို စေ့ရုံစေ့ထားခဲ့လိုက်၏။ ကိုယ်ခွဲလက်ခွဲမရှိသူတစ်ယောက်တည်းသမားမို့အိမ်ကိုစိတ်မချဖြစ်မိသော်လည်း ညီမ၏မီးဖွားရေးက ပို၍အရေးကြီး၏။ မိမိကို အစ်မကြီးဟူ၍ အားကိုးအားထားပြုကြသည်ကလည်း တစ်ကြောင်းဖြစ်၏။ အထုပ်ကလေးတစ်ထုပ်ဖြင့် ထွက်သွားသော မသန်းရီသည် အိမ် ကိုနောက်ပြန်ပင် လှည့်မကြည့်နိုင်တော့ပေ။

(၄)

မုန်းချောင်းရေပြင်သည် ကြည်လင်လျက်ရှိ၏။ ချောင်းနံဘေးရှိ ကိုင်းတောကိုဖြတ်သန်း၍ တိုက်ခတ်လာသော လေနုအေးသည် စိတ်ကိုကြည်လင်စေသည်။ မုန်းချောင်းနံဘေးရှိ စိမ်းညိုနေသော ပဲထောပတ်ခင်းစည်းရိုးတွင် ထွန်းနိုင်တို့လင်မယားနှစ်ယောက်သည် ပြောင်းရိုးများရိတ်နေကြ၏။ ကိုင်းမြေဖြစ်သောကြောင့် ပဲပင်ရော ပြောင်းပင်များပါ အပင်သန်၍ စည်စည်ကားကားရှိ၏။ ထွန်းနိုင်၏မိန်းမလှမေသည် ပြောင်းပင်များကို တံစဉ်ဖြင့်ရိတ်လိုက် ခေါင်းပေါင်းစဖြင့် ချွေးသုတ်လိုက် လုပ်နေ၏။ ထွန်းနိုင်ကမူ လေလေး တချွန်ချွန်ဖြင့် ပြောင်းထုံးများကို လှည်းဆီသို့ သယ်နေသည်။ ယာစည်းရိုးတွင် ပြောင်းပင်များ ထည့်စိုက်ခြင်းသည် တောင်သူများ၏ ထုံးစံတစ်ခုလိုဖြစ်နေ၏။ ပြောင်းဖူးရလျှင်လည်း စားရ၏။ ပြောင်းရိုးကို နွားစာအဖြစ်လည်းရ၏။ နွားစာအဖြစ် သီးသန့်စိုက်ပျိုးရန်မြေနေရာမရှိသူများသည် ဤသို့ပင် ပဲခင်းများ၏စည်းရိုးတွင် နွားစာအဖြစ် ပြောင်းများ၊ နှံစားများကို ထည့်စိုက်တတ်ကြသည်။

"လှမေရေ တော်ရအောင်ဟေ့။ လှည်းပြည့်တော့မယ်"

"ဟုတ်ပြီတော်ရေ့။ ဒါဆို ကျုပ်ဟင်းရွက်ခူးလိုက်အုံးမယ်။ တော်က လှည်းတပ်နှင့်လိုက်"

ညနေ နေဝင်အချိန်။ ထွန်းနိုင်၏ ပြောင်းရိုးလှည်းလေးသည် တအိအိဖြင့်ယာလမ်းလေးအတိုင်း ဆင်းလာ၏။ လှမေသည်လည်း ဟင်းရွက်လွယ်အိတ်တစ်လုံးဖြင့် လှည်းနှင့်မလှမ်းမကမ်းမှ လိုက်လာ၏။ လှည်းလမ်းကြောင်းလေးသည် ယာကြိုယာကြားမှ ကွေ့ကောက်လျက်ရှိ၏။ တစ်မျှော်တစ်ခေါ် ကျယ်ပြောသော ယာခင်းများ၏အဆုံး ရွာသို့အဝင်လမ်းတွင် အတက်ကြီးတစ်ခုတက်ရ၏။ ထိုအတက်ဆုံးမှ ရွာကို ရောက်မည်ဖြစ်သည်။

"ဟဲ့နွား တက်ထားဟ မြန်မြန်။ တက်ထားကွ ဖေ့သားကြီး"

"ဒုန်း"

လမ်းအတက်ကြီး၏ တစ်ဝက်အရောက်တွင် ရုတ်တရက် လှည်းစည်းကုံးပြတ်သွားတော့၏။ အတက်ဖြစ်သောကြောင့် လှည်းသည် နောက်သို့ပြန်လိမ့်ဆင်းလာတော့၏။

"ဟယ် အမယ်လေး ကိုထွန်းနိုင်။ ခုန်လိုက် ခုန်လိုက် ခုန်ဆင်းလိုက်တော့"

ထွန်းနိုင်သည်လည်း ရုတ်တရက်မို့ ဘာလုပ်၍ ဘာကိုင်ရမည်မသိဖြစ်နေ၏။ ထို့နောက် လှမေ၏ အသံကြားမှ သတိဝင်ကာ ခုန်ဆင်းလိုက်လေ၏။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ နွားများ၏ နှာမှုတ်သံ၊ ခြေခတ်သံနှင့်အတူ လှမေ

စာမျက်နှာ ၂၅သို့ ➤

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီ ၁၂၁၀၄ ဧက နုတ်သိမ်းပြီးစီး



**မုံရွာ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီ ၁၂၁၀၄ ဧကနုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင် နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၂၁၀၄ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၇၁၆ ဒသမ ၆၃ ပိဿာထွက်ရှိခဲ့ကြောင်း သိရသည်။

"မုံရွာခရိုင်မှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကြက်သွန်နီ၁၂၁၀၄ ဧကစိုက်ပျိုးထားပါတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ ကြက်သွန်နီဧက အားလုံး နုတ်သိမ်းပြီးပါပြီ။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့က တော့ ဆောင်းမှာပဲစိုက်တာ။ ကြက်သွန်နီတွေ ဈေးကောင်း ရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့တယ်" ဟု မုံရွာခရိုင် စိုက်ပျိုး ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီနုတ်သိမ်းပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၇၈၃၃ ဧက၊ ဘုတလင်မြို့နယ်တွင် ၃၃၀၄ ဧက၊ အရာတော်မြို့နယ်တွင် ၂၅၃ ဧက နှင့် ချောင်းဦးမြို့နယ်တွင် ၇၁၄ ဧက စုစုပေါင်း ၁၂၁၀၄ ဧက ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ကြက်သွန်နီ ၁၁၁၅၆ ဧက လျာထား စိုက်ပျိုးခဲ့ရာ ၁၂၁၀၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန် အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကြက်သွန်နီစိုက်တောင်သူများ အနေဖြင့် ကြက်သွန် တစ်ဧကလျှင် ကုန်ကျစရိတ်ငွေကျပ် ၁၈ သိန်းခန့် ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ချောင်းဦးမြို့နယ်၊ ရွှေဘိုမြို့နယ်နှင့် မြင်းမူမြို့နယ်တို့တွင် ကြက်သွန်နီ အများဆုံးစိုက်ပျိုးကြကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

၏ အော်သံ၊ ငိုသံ၊ ထိတ်လန့်သံတို့က ဆိတ်ငြိမ်နေသော ပတ်ဝန်းကျင်ကို ဖြိုခွင်းလိုက်၏။ ထိုအချိန်တွင် ငှက်မှဆိုးတစ်ကောင်သည် တဂစ်ဂစ် အော်မြည်ပျံသန်းသွား၏။

(၅)

ဆေးရုံတက်နေသည့်ရက်တစ်ပတ်အတွင်း အချက်အပြုတ်အလျှော်အဖွပ်၊ ဆေးဝယ်၊ ဈေးဝယ်မှအစ အလုပ်အားလုံးကို မသန်းရီလုပ်ရ၏။ အေးရီ၏ယောက်ျားသည် နွားတစ်ဖက် ယာလုပ်ငန်းတစ်ဖက်ဖြင့် အိမ်တွင်ကျန်ခဲ့ရသည်။

"အစ်မ ပိုက်ဆံကောကျန်သေးသလား။ ငွေမလောက်ရင်လဲ အစ်မထဲကပဲ ခဏစိုက်ထားပေးပါနော်။ အိမ်ရောက်ရင်ပြန်ပေးပါ့မယ်"

"အေးပါအေ ငါလဲနည်းနည်းပါးပါးတော့ ထည့်လာခဲ့ပါတယ်။ ဘာမှ ပူမနေနဲ့ လူကြီးကော၊ ကလေးကော ကျန်းမာနေဖို့ပဲလိုတယ်"

အေးရီ၏ သားဦးကလေးမှာ သားယောကျ်ားလေးဖြစ်သည်။ မသန်းရီသည် တူလေးကို ပွေ့ချီလျက် ကြည့်၍မဝ၊ ချစ်၍မဝနိုင်ဖြစ်နေ၏။

"အစ်မရေ အစ်မသန်းရီ"

"ဟယ် လှမေ အမောတကောနဲ့ ဘာဖြစ်လာတာလဲ။ ရွာမှာ ဘာဖြစ်ကြလို့လဲ"

လှမေသည် လူနာခုတင်ဘေးတွင် ဝင်ထိုင်ကာ နဖူးစရှိချွေးများကို ခေါင်းပေါင်းတဘက်စဖြင့် သုတ်နေ၏။ မသန်းရီ၏ အမေးကို ချက်ချင်း မဖြေနိုင်သေး။

"အစ်မမောင် လှည်းမှောက်လို့အစ်မရေ။ ခြေထောက်နဲ့ခါး နည်းနည်းမျက်သွားတယ်။ အဲဒါ ဟိုဘက်ရွာကအနှိပ်သည်သွားခေါ်ရဖို့ ပဲကလဲ မရောင်းရသေးတော့ လက်ထဲမှာလဲ ငွေကသိပ်ပြီးရှိတော့တာမဟုတ်ဘူး။ ရှိတဲ့နွားထဲက တစ်ကောင်လောက်တော့ရောင်းမလို့ပါပဲ။ အခုလောလောဆယ် အစ်မမှာနည်းနည်းပါးပါးရှိသေးရင် ခဏလှည့်ဖို့ လာပြောတာ အစ်မရေ။ အစ်မဆီကမှမရရင် ဘေးမှာငွေတိုးချေးရမှာပေါ့"

လှမေ၏ စကားအဆုံးတွင် မသန်းရီသည် သက်ပြင်းအကြိမ်ကြိမ်ချနေတော့၏။ မည်သို့မည်ပုံ ဆုံးဖြတ်ချက်ချရမည်ကို မသိတော့ဟန်တူသည်။ ထို့နောက် နားမှနားကပ်လေးကိုချွတ်ကာ လှမေလက်ထဲသို့ထည့်ပေးလိုက်၏။

"ငါ့လဲ ဒါပဲပေးစရာရှိတယ်။ အဲဒါလေးနဲ့ပဲ လောလောဆယ် အဆင်ပြေအောင်လုပ်လိုက်။ ဒီမှာလဲ မွေးလူနာက ဆေးရုံကမဆင်းရသေးဘူး။ ငွေကလက်ထဲမှာ အနည်းအကျဉ်းရှိနေအုံးမှ။ အဲတော့ အဲဒါ ယူသွားလိုက်"

လှမေသည် အားတုံ့အားနာ မျက်နှာငယ်ဖြင့် မသန်းရီကို မရဲတရဲကြည့်နေရှာ၏။ လက်ထဲမှ နားကပ်လေးကိုလည်း ကျစ်ကျစ်ပါအောင်ဆုပ်ထား၏။ မဖြစ်သာ၍ အကူအညီယူရသော်လည်း မသန်းရီအတွက် စိတ်မကောင်းဖြစ်နေပုံရသည်။

"ကျွန်မတို့ နွားရောင်းပြီးတာနဲ့ ချက်ချင်းပြန်ရွေးပေးပါ့မယ်နော် အစ်မ။ မတတ်သာလို့သာ လာပြောရတာပါ။ အစ်မကို အားလဲနာပါရဲ့"

"ကဲပါအေ အဲဒါတွေ ပြောမနေပါနဲ့ သွားသွား လုပ်စရာရှိတာသာ ဆက်လုပ်။ နင်တို့ အဆင်ပြေကြဖို့ပဲလိုတယ် "

နားကပ်လေးတစ်ရန်ထည့်ထားသောလွယ်အိတ်လေးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ ကုပ်ကုပ်ကလေး ပြန်ထွက်သွားတော့၏။

(၆)

ညနေမှောင်ရီပျိုးစအချိန် ကြက်ပေါက်စကလေးများနှင့်ကြက်မကြီးကို သိမ်းဆည်းရန် ခြင်းတောင်းတစ်လုံးဖြင့် အလုပ်ရှုပ်နေ၏။

"အစ်မရေ အစ်မ။ လာတုန်းကတော့ ခပ်စောစောလာခဲ့တာပါပဲ။ အေးရီရဲ့ကလေးကို ဝင်ကြည့်နေတာနဲ့ မှောင်သွားကရော"

ပြောရင်းဆိုရင်းဖြင့် လှမေသည် မုန့်ထုပ်နှင့် အချိုရည်ဘူးများ ထည့်ထားသော ကြွပ်ကြွပ်အိတ်ကိုဆွဲကာ လွယ်အိတ်စလွယ်သိုင်းဖြင့် ဝင်လာ၏။

"မှောင်ခါနီးမှ နင်က ဘာအရေးကြီးပြန်ပြီတုံး။ ထွန်းနိုင်အခြေအနေကော ဘယ်လိုလဲ"

"သက်သာပါပြီအစ်မ။ မနေ့ကပဲ နွားဝယ်သူလာလို့ ဈေးလဲတည့်တာနဲ့ ရောင်းလိုက်ပြီးပြီ။ အခု အစ်မနားကပ်လေးရွေးပြီးပြီးချင်း ပြန်လာပို့တာ။ မုန့်တွေလဲပါတယ်။ ယူထားလိုက်နော်အစ်မ။ ကန်တော့တယ်လို့ပဲသဘောထားပါ။ ကျွန်မလဲတကယ်ကို ကျေးဇူးတင်ပါတယ်"

ခဏကြာသည်ထိ စကားပြောပြီးမှ လှမေပြန်သွား၏။ နားကပ်လေးနှင့် မုန့်ထုပ်များကို ကြည့်ကာ မိခင်ကြီးပြောခဲ့ဖူးသောစကားကို မသန်းရီ ပြန်သတိရမိသည်။

"အကြီးဆိုတာ အငယ်တွေအပေါ် ငဲ့ကွက်ရမယ်။ သက်ညှာရမယ်လေ။ အစ်မကြီးအမိအရာဆိုတဲ့စကားအတိုင်း မိခင်စိတ်မွေးပြီး ကန်တော့ခံထိုက်အောင်နေ၊ အမေမရှိတော့ရင် ငါ့သမီးကိုယုံပြီး အမေစိတ်ချချင်တယ်"

မိခင် ဆင်ပေးခဲ့သော နားကပ်လေးကို ကိုင်လျက်-

"သမီး ကန်တော့ခံထိုက်အောင်နေပါတယ် အမေရယ်" ဟု ခပ်တိုးတိုး ညည်းတွားလိုက်လေသည်။

## နွေဦးပုံရိပ် လွမ်းပန်းချီ

- ရွက်ဝါတို့ကြွေ
  လေရူးမွှေ
  မြူခြေဖြန့်ကျင်း ခင်းသလေ့။

- မင်းလွင်မြူခိုး
  လွှင့်ပျံစိုး
  ထက်မိုးတိမ်ယံ ဆန်သလေ့။

- ရွက်နုပြူလှစ်
  မြပုရစ်
  ဖူးသစ်ပွင့်လှိုင် မြိုင်သလေ့။

- လက်ပံရဲရဲ
  ပေါက်နှင့်လဲ
  နွေပွဲသဘင် ဆင်သလေ့။

- ကံ့ကော်ပွင့်ပန်း
  ဖူးသစ်လန်း
  တင့်ဆန်း ကြူပေ့ မွှေ့သလေ့။

- တမာရနံ့
  ရှင်းကြည်သန့်
  ခင်းဖြန့်ရပ်တွင်း သင်းသလေ့။

- သရက်နှင့် ဆီး
  ဖူးညွှတ်သီး
  မန်ကျည်းပွင့်ဖြာ သာသလေ့။

- ဥသြတွန်သံ
  လွမ်းဖွယ်ဖန်
  မြိုင်ယံတစ်ဝှမ်း လွှမ်းသလေ့။


- ကျီးတို့ ညံစာ
  ချိုးသံသာ
  ဝဲကာ သီကျူး မြူးသလေ့။

- နွေပန်းချီကား
  ပြကွက်များ
  ညို့စားနိုင်အောင် နှောင်သလေ့။

- ရှုခင်းအလီလီ
  ဆွေးရိပ်သီ
  ဘယ်ဆီမျှော်တမ်း လွမ်းရပေ့
  စာစီခြယ်မွှမ်း ကျွမ်းရသလေ့။ ။

**မင်းသွေးနွယ်(ဓနီးကုန်း)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ငါးသလောက်၏ သဘာဝနှင့်အသုံးဝင်ပုံ

မြန်မာလူမျိုးတို့နှစ်သက်ကြသည့် ငါးများတွင် ငါးသလောက်သည်လည်း တစ်မျိုးအပါအဝင်ဖြစ်သည်။ ငါးသလောက်ကို ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၁ နိုင်ငံတွင်သာ ဖမ်းဆီးရမိသည်ဟု သိရပါသည်။ ငါးသလောက်ကို ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာနိုင်ငံတို့တွင် အဓိက ဖမ်းဆီးရမိခြင်းဖြစ်ပြီး ၁၁ နိုင်ငံထဲတွင်မှ ကျန်နိုင်ငံများဖြစ်သော ပါကစ္စတန်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အီရန်၊ အီရတ်၊ ကူဝိတ်၊ ဘာရိန်းနိုင်ငံတို့တွင်မူ အနည်းငယ်သာ ဖမ်းဆီးရရှိသည်။

ငါးသလောက်သည် ရေငန်တွင်နေသော ငါးမျိုးစိတ်ဖြစ်ပြီး သားပေါက်ရန်အတွက် ရေချိုကို ပြန်လာကြသည့် (Anadromous Fish) မျိုးစိတ်များ ဖြစ်ကြသည်။ သက်တမ်း တစ်နှစ်နှင့် နှစ်နှစ်တွင် အရွယ်ရောက်ကြပြီး ရေချိုမြစ်အတွင်း ဥချသားပေါက်လေ့ရှိသည်။ သားပေါက်များမှ ငါးလ၊ ခြောက်လသားအရွယ်ရောက်သောအခါ ရေချိုရေငန်စပ်နှင့် ပင်လယ်ပြင်ကို ပြန်လေ့ရှိကြသည်။

**ငါးသလောက်၏ ဇီဝဗေဒအချက်အလက်များ**

ငါးသလောက်ကို သတ္တဗေဒအခေါ်အဝေါ်အားဖြင့် "ဟီလဆာ အလီရှား"ဟု ခေါ်ပြီး အရသာရှိသော ငါးအဖြစ် အသိများသည်။ ရေချိုရေငန်နှစ်ရပ်စလုံးတွင် နေနိုင်သည်။ မိုးတွင်းနှင့် ဆောင်းရာသီအကုန်ပိုင်းတွင် ဥ ဥရန် ပင်လယ်မှ မြစ်ထဲသို့ ဆန်တက်လာလေ့ရှိသည်။ ဥပြီးနောက် ငါးသလောက်သည် ကျုံလှီသွားကာ အရသာပျက်သွားတတ်သည်။ ငါးသလောက်၏ကိုယ်သည် ပြား၍ ဖြက်အနည်းငယ်ကျယ်သည်။ ကျောဆူး တောင်အထက်နားသည်အလယ်၌ ခွက်နေ၏။ အမြီးခွသည် ဇောက်နက်၍ အဖျားနှစ်ခုသည် ဘေးသို့ကား ထွက်နေသည်။ အကြေးများသည်ခေါင်းမှ အမြီးတိုင်အောင် ညီညီညာညာရှိကြသည်။ အရောင်မှာ ရွှေရောင်သန်းလျက်ရှိရာ တစ်ခါတစ်ရံကန့်လန့် အမည်းစင်းများ ထင်နေတတ်သည်။ အထူးသဖြင့် ငါးသလောက်ငယ်များတွင် ကျောပိုင်း၌ ကန့်လန့် အမည်းစင်းများပါလေ့ရှိသည်။ ကိုယ်ရှည် ၁ ပေမှ ၂ ပေထိ ရှိတတ်၏။ ငါးသလောက်ကို ဟင်းလျာအဖြစ်စားသုံးကြရုံမက ငါးပိဆားနယ်အဖြစ်လည်း စားသုံးကြသည်။

**နေထိုင်မှုအလေ့အထ**

ငါးသလောက်သည် ရေပေါ်ရေလွှာနေငါးများဖြစ်ကြပြီး ငါးသလောက်မျိုးစိတ်အားလုံးသည် ရာသီဥတုအလိုက် နေရာဒေသပြောင်းရွှေ့ကျက်စားသော သဘာဝရှိကြသည်။ ငါးသလောက် သက်တမ်းမှာတစ်နှစ် မှ သုံးနှစ်ထိရှိပြီး ငါးသလောက်အမမှာ ဥပေါင်း သုံးသိန်း မှ တစ်သန်းထိ ဥ ဥနိုင်ကြသည်။ အပင်မျှော၊ လေ့ပိုးနှင့် ရေညှိရေမှော်များကို အများဆုံး စားသုံးကြသည်။ ငါးသလောက်များသည် ကမ်းရိုးတန်းတစ်လျှောက်တွင် အုပ်စုဖွဲ့ကာ နေထိုင်ကျက်စားကြသလို မြစ်အထက်ပိုင်းသို့လည်း ဆန်တက်နိုင်ကြ- သည်။ ငါးသလောက်သည် အနံ့အရသာကောင်းမွန်ရုံသာမက အသားမှာလည်း နူးညံ့လှသဖြင့် ပြည်ပပို့ကုန်အဖြစ်နာမည်ကြီးပြီး တန်ဖိုးမြင့်ငါးဖြစ်ပါသည်။

**မြန်မာ့ငါးသလောက်မျိုးစိတ်များ**

ကမ္ဘာပေါ်တွင် ငါးသလောက်မျိုးစိတ် ၃၆၄ ခု တွေ့ရှိရပြီး မြန်မာနိုင်ငံတွင် တွေ့ရများသော ငါးသလောက်မျိုးစိတ်နှစ်မျိုးမှာ မြန်မာအခေါ်အရ ငါးသလောက်နှင့် ငါးသလောက် ယောက်ဖဟု အမည်တွင်ပြီး ဒေသအခေါ်မှာ အာနီ၊ အာကြမ်းဟု ခေါ်ဆိုကြကာ အင်္ဂလိပ်အမည်မှာ Hilsa Shad နှင့် Toli Shad ဟူ၍ဖြစ်သည်။ အာနီငါးသလောက်ထုတ်လုပ်မှုသည် ၂၀၀၂ခုနှစ်တွင် ၁၂၀၀၀ တန်ထိ မြင့်တက်ခဲ့သည်။ အာနီငါးသလောက်မျိုးစိတ်ကို ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ မြန်မာနိုင်ငံတို့တွင် အများဆုံးတွေ့ရှိရကြောင်းကို မှတ်တမ်းများအရ သိရှိရပါသည်။ အာကြမ်းငါးသလောက်မျိုးစိတ်ကို အိန္ဒိယ၊ မြန်မာနိုင်ငံတို့တွင် အများဆုံးတွေ့ရှိရသည်။ ငါးသလောက်မျိုးစိတ်အားလုံးသည် ရာသီဥတုအလိုက် နေရာဒေသပြောင်းရွှေ့ကျက်စားနေသော အလေ့အထရှိပြီး နေရာဒေသမရွေးအချိန်အခါမရွေးတွင် သားပေါက်ဖွားလေ့ရှိသည်။

ငါးသလောက်အမများသည် ဥပေါင်း သုံးသိန်းမှ တစ်သန်းထိ ဥ ဥနိုင်ကြသည်။ ဥ ဥချပြီးနောက် သားလောင်းလေးများသည် မြစ်ကြောင်းမှတစ်ဆင့် ပင်လယ်ပြင်သို့ ဆင်းသက်သွားကြပြီး မွေးရပ်မြေမှ ဝေးသောနေရာများတွင် ကြီးပြင်းကြသည်။ သားလောင်းလေးများသည် ပင်လယ်ပြင်သို့ ရောက်ရှိပြီးနောက် ဝေးသောဒေသများသို့ သွားလာခြင်း မပြုလုပ်ကြတော့ပါ။ သို့သော်လည်း ရေတိမ်သောင်ခုံနှင့် ကမ်းခြေဝန်းကျင်တစ်လျှောက် သွားလာလှုပ်ရှားတတ်ကြသည်။ ဒေသခံများသည် ငါးသလောက်ကို ပေါင်းစား၊ ကင်စား၊ ကြော်စား၊ ချက်စား၊သုပ်စားကြသည်။ အာနီ၊ အာကြမ်းငါးသလောက်များကို မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် တွေ့ရှိရပြီး ပြည်တွင်းတွင် ငါးစို၊ ငါးဆားနယ်၊ ငါးခြောက် သုံးမျိုးစလုံးကို တွင်ကျယ်စွာစားသုံးကြသည်။

**ငါးသလောက်နှင့် ကျန်းမာရေး**

ငါးသလောက်သည် တိုင်းရင်းဆေးကျမ်းများအလိုအရ ချိုဆိမ့်သည်။ နှုတ်ကိုမြိန်စေ၏။ ဝမ်းမီးကိုပျက်စေ၏။ သည်းခြေနိုင်၏။ သလိပ်ကို ပျက်စေ၏။ သုက်ကို ပွားစေ၏။ လေကို နိုင်၏။ ဓာတ်သဘောအရ သီတ၊ အာပေါ၊ ပထဝီ(တက်စာ သွေးကြွစေ၏) သွေးတိုးသူများ၊ သွေးယားသူများ၊ မျက်စိနာနေ- သူများ၊ ဖျားနာနေသူများ မစားသင့် ဟုဆိုသည်။ ငါးသလောက်နှင့် တည်းသီး၊ ငါးသလောက် နှင့် ဆူးပုပ်ကြီး၊ ငါးသလောက်နှင့် တမာရွက်၊ ငါးသလောက်နှင့် ကြက်ဟင်းခါးသီး၊ ငါးသလောက်နှင့် ခွေးတောက်ရွက်၊ ငါးသလောက်နှင့်မှို၊ ငါးသလောက်နှင့် ဝက်သား၊ ငါးသလောက်နှင့် မျှစ်ချဉ်၊ ငါးသလောက်နှင့်ဒံပေါက် စသည်များကို တွဲဖက်မစားသုံးသင့်ပေ။ ငါးသလောက်ကို မတက်စေရန်အတွက် မရမ်းသီးနှင့် ရောချက်စားရမည်ဖြစ်ပြီး ထိုမှသာ အချဉ်အရသာနှင့် အဆိမ့်အရသာနှစ်မျိုးတွဲပြီး အလွန်စားကောင်းသည်။ မရမ်းသီးအစိမ်းမရသောရာသီတွင် မရမ်းသီးခြောက်၊ သရက်သီးခြောက်များနှင့်လည်း ရောချက်စားနိုင်သည်။

**ငါးသလောက်ပေါင်းဟင်း**

ငါးသလောက်သည် အလွန်အရိုးများသောငါးမျိုးဖြစ်သည်။ သို့သော် အသား၏အရသာမှာ ချိုဆိမ့်သည်။ ငါးသည် အကောင်ကြီးပြီး ဆူဖြိုးသည်။ ထို့ကြောင့် ဝယ်ယူစားသုံးမှု အလွန်များသည်။ အကြေးရှိသော ငါးမျိုးဖြစ်ပြီး အားရှိသောအာဟာရပြည့်သောအစာဖြစ်သည်ဟု ယုံကြည်စားသုံးကြသည်။ ငါးသလောက်ကို အရိုးပါမကျန် စားသုံးရန်အတွက် ပေါင်းစားကြသည်။ ငါးသလောက်ပေါင်းနည်းမှာလည်း အမျိုးမျိုးရှိသည်။ အချို့မှာ ရှောက်ရည်၊ သံပရာရည် ညှစ်ထည့်ပြီး ရေနွေးငွေ့လုံသည့် ပေါင်းအိုးဖြင့်ပေါင်းပြီး အချိန်ကြာကြာအရိုးနူးသည်ထိ မီးအေးအေးဖြင့် ပေါင်းစားကြသည်။ ခေတ်ပေါ်နည်းမှာ ငါးသလောက်ကို အရိုးမြန်မြန်နူးစေရန် ရှာလကာရည်ကို အသုံးပြုပြီး ပေါင်းကြသည်။ ရှာလကာရည်မှာ အရိုးကို နာရီဝက်ခန့်ပေါင်းရုံဖြင့် နူးစေနိုင်သည်။ သို့သော် အချို့သူများသည် ရှာလကာရည်နှင့် ပေါင်းသည်ကို မကြိုက်ကြပေ။ သဘာဝအတိုင်း ရှောက်ရည်၊ သံပရာရည်ဖြင့် ပေါင်းသည့်အရသာကို ပို၍ကြိုက်သည်။

**ငါးသလောက်ဥ**

ငါးသလောက်သားပေါက်ရာသီတွင် ငါးဖမ်းသူများ၏ ဖမ်းဆီးမှုကြောင့် ဥများပြည့်နေသည့် ငါးသလောက် အမကြီးများကို ဖမ်းမိလာသည်ကို တွေ့ရသည်။ ငါး ရောင်းသူများမှာ ငါး၏ဗိုက်ကိုခွဲပြီး ငါးသလောက်ဥကို ထုတ်ယူပြီး သီးခြားရောင်းချကြသည်။ ငါးသလောက်ဥသည် ဖွတ်ဥကဲ့သို့ပင် အလွန်ဆိမ့်သောအရသာရှိသည်ဟု ရှေးလူကြီးများ ပြောကြသည်။ ငါးသလောက်ဥသည် တက်စာဖြစ်ပြီး ငါးသလောက်စားသည်ထက်ပင်ပို၍ သွေးတက်စေနိုင်သည်ဟု ဆိုသည်။ အလွန်အကျွံမစားဘဲ သင့်ရုံသာ စားသင့်သည်။ ငါးသလောက်ဥကို ကြော်ထားကာ တာရှည်ခံအောင်ပြုလုပ်ပြီး စားသုံးသူများလည်း ရှိသည်။ ငါးသလောက်ဥကို ဆားနယ်ထားပြီးနောက် တစ်နေခန့်လှန်းပြီးမှ ခပ်ခြောက်ခြောက်ဖြစ်နေချိန်တွင်ဆီဖြင့်ကြော်ထားလျှင် ထိုငါးသလောက်ဥကြော်သည် တာရှည်အထားခံသည်။ ငါးသလောက်ဥကြော်နှင့် ကောက်ညှင်းပေါင်း၊ ဆီထမင်း စသည်များ တွဲဖက်စားရာ အလွန်စားကောင်း နှုတ်မြိန်သည်ဟု ဆိုသည်။ သို့သော် အလွန်အကျွံဖမ်းဆီးပါက ငါးသလောက်မျိုး သုဉ်းသွားနိုင်သဖြင့် သတိပြုဆင်ခြင်ရမည်ဖြစ်သည်။



**ငါးသလောက်ဟင်း ကြိုက်သူများအတွက်**

ငါးသလောက်ဟင်း ကြိုက်နှစ်သက်သူများသည် တက်စာဖြစ်သဖြင့် မစားဘဲနေရန် မလိုပါ။ နေ့စဉ်ရက်ဆက်မစားဘဲ တစ်ခါတစ်ရံစားလျှင် နှုတ်မြိန်စေသောဟင်းမျိုးဖြစ်သည်။ ငါးသလောက်ပေါင်းသည်လည်း အရိုးပါနူးသဖြင့် ငါးစားလျှင် အရိုးကြောက်၍ မစားသူများပင် ငါးသလောက်ပေါင်းဟင်းကို စားကြသည်ကို တွေ့ရသည်။ တက်စာမှန်သမျှ သက်စာနှင့်တွဲစားလျှင် ဘေးမဖြစ်စေနိုင်ပါ။ ရှောက်ရည်သည် သက်စာဖြစ်သည်။ အာပေါဓာတ် အရည်ရွှမ်းသည့် မရမ်းသီး၊ စောင်းလျားသီး၊ ဆီးဖြူသီး စသည်များနှင့် ရောပြီးချက်လျှင် ငါးသလောက်၏တက်စေသော အတက်ဓာတ်ကို ထိုက်သင့်သလောက် ချေဖျက်နိုင်မည်ဖြစ်သည်။ ငါးသလောက်ဟင်း စားပြီးလျှင် ရှောက်သီးဖျော်ရည်၊သံပရာရည်၊ဆီးဖျော်ရည်စသည်များ သောက်သုံးပေးလျှင် အအီပြေသည့်အပြင် သွေးကြောတက်ခြင်းများမှလည်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**ငါးသလောက်ထုတ်လုပ်မှု**

ငါးသလောက်ကို ကမ္ဘာပေါ်တွင် အများဆုံး ဖမ်းဆီးရမိသောနိုင်ငံကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်သည်။ ကမ္ဘာ့ငါးသလောက်ထုတ်လုပ်မှု၏ ၆၅ ရာခိုင်နှုန်း(ယခု ၈၆ ရာခိုင်နှုန်းဟုသိရ) ထိ ဖမ်းဆီးထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ငါးသလောက်ကို နိုင်ငံ၏ အမျိုးသားငါးအဖြစ်ပင် သတ်မှတ်ထားကြောင်းလည်း သိရသည်။ အိန္ဒိယနိုင်ငံတွင် ၂၅ ရာခိုင်နှုန်း (ယခု ၁၀ ရာခိုင်နှုန်း) ထုတ်လုပ်ပြီး မြန်မာနိုင်ငံတွင် သုံး ရာခိုင်နှုန်းနှင့် ကျန်သည့် နိုင်ငံ ရှစ်နိုင်ငံတွင် အနည်းငယ်ဖမ်းဆီးရမိကြသည်။လွန်ခဲ့သည့်ငါးနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ငါးသလောက် ထုတ်လုပ်မှုသည် ၆၅ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းသို့တိုးတက်လာပြီး အိန္ဒိယနိုင်ငံက ၂၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျော့ကျသွားခြင်းဖြစ်ကြောင်း သိရှိရသည်။

**ပြည်ပပို့ကုန် ငါးသလောက်**

မြန်မာ့ငါးသလောက်ကို ထိုင်း၊ တရုတ်၊ ဂျပန်၊ စင်ကာပူ၊ အာရပ်စော်ဘွားများပြည်ထောင်စုစသည့် နိုင်ငံများသို့တင်ပို့ရောင်းချကြသည်။

အချုပ်အားဖြင့်ဆိုရလျှင် ရေပေါ်ရေလွှာနေ ငါးသလောက်မျိုးစိတ်များ၏ သဘာဝမှာ ထူးခြားလှသကဲ့သို့ ငါးသလောက်၏ အရသာမှာလည်း ထူးခြားကောင်းမွန်ပြီး ကျန်းမာရေးအတွက်လည်း ကောင်းကျိုးပြုပါသည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၁နိုင်ငံမှာသာ ဖမ်းဆီးရမိသည့် ငါးသလောက်ကို မြန်မာလူမျိုးတို့သည်လည်း အလွန်နှစ်သက်ကြပေသည်။ ထို့ပြင် မြန်မာ့ငါးသလောက်သည် အရသာကောင်းမွန်သဖြင့် ပြည်တွင်းတွင်သာမက ပြည်ပဈေးကွက်ထိပါ တင်ပို့ရောင်းချနေရသဖြင့် တန်ဖိုးမြင့်ရေထွက်ကုန်လည်းဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၃)**
- **ပုံပြဆေးအဘိဓာန်**
- **ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၂)**
- **Fish Base of Myanmar**
- **Inland Fisheries of Myanmar**

**နှင်းအိ(ရာမည မြေ)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၅၃၅ ဧက နုတ်သိမ်းပြီးစီး



**မြောင်းမြ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၅၃၅ ဧက နုတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၂၅၃၅ ဧကလျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော မြေပဲခင်းများကို ယခုနှစ် မတ်လ တတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင်မြေပဲ ၂၅၃၅ ဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ နုတ်သိမ်းခဲ့သော မြေပဲ တစ်ဧကလျှင် ၆၀ ဒသမ ၂၅ တင်းထိထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၂၅၃၅ ဧကထိ စိုက်ပျိုးခဲ့တာပါ။ လက်ရှိစိုက်ခဲ့တဲ့ မြေပဲတွေ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တစ်ဧကချင်းရဲ့ အထွက်နှုန်းကောင်းပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာပဲ အဓိကထားစိုက်တာပါ။ ဆောင်းသီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ တောင်သူတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဆက်စပ်ဌာနတွေပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ မြေပဲအပါအဝင်ဆီထွက်သီးနှံတွေအားလုံး အရည်အသွေးကောင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးတို့အတွက်ကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံများ လျာထားချက်အတိုင်းရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊အရည်အသွေးနှင့်အထွက်နှုန်းကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တာချီလိတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**တာချီလိတ် မေ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက နားယောင်းကျေးရွာအုပ်စု ဟွေ့ဝုန်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တာချီလိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းက ဟွေ့ဝုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ဟွေ့ဝုန်းကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

တာချီလိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဟွေ့ဝုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း Type- 3 အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့် လုပ်ငန်းများတွင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းထံမှ သိရသည်။

**ရှိုးသန်းညွန့်**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် နှမ်း ၁၈၀၂၀ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုမြို့နယ်မှာ နှမ်း ဧက ၁၈၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ဧက ၁၅၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတယ်။ နှမ်းစိုက်ပျိုးရာမှာ တစ်ဧကကို ငွေကျပ် ၁၀၀၀၀၀ ကျော်ကုန်ကျတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။



ယခုနှစ် ရွှေဘိုမြို့နယ်တွင် နှမ်းနှမ်းစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ် တုတ်ကွင်းကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မြန်အောင် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တုတ်ကွင်းကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မေ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက တုတ်ကွင်းကျေးရွာတွင် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြန်အောင်မြို့နယ် တုတ်ကွင်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ၃၆၅ ပေရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်ရေစင်တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ အလျား ပေ ၃၀၊ အနံ ပေ ၃၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၄ ဒသမ ၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများစုဖွဲ့၍ ၂၀၂၃ ခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် တုတ်ကွင်းကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သံသာ**

# ဖြူးမြို့နယ် ဇီးဖြူခင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှုစစ်ဆေး

**ဖြူး မေ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးဖြူခင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဇီးဖြူခင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး လုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ဖြူးမြို့နယ် ဇီးဖြူခင်ကျေးရွာ၌ လမ်း အရှည် ပေ ၃၁၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၆၉ သိန်းအသုံးပြု၍ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပေးမှု၊ အနီးကပ်ကြီးကြပ်ပေးမှုတို့ဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ယခုနှစ် မတ် ၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညီ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# စာရေးဆရာတက္ကသိုလ်ဘုန်းနိုင် သို့မဟုတ် ပါမောက္ခချုပ်ကျောင်းဆရာ

အောင်ကြည်ညွန့်(တက္ကသိုလ်)



စာရေးဆရာတက္ကသိုလ်ဘုန်းနိုင်

တက္ကသိုလ်ဘုန်းနိုင်သည် မြန်မာနိုင်ငံစာပေလောကတွင် အလွန်ထင်ရှားကျော်ကြားသော စာရေးဆရာတစ်ဦးဖြစ်ပါသည်။ ဆရာသည် စာရေးဆရာတစ်ဦးသာမကပဲ မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးလောကတွင် ကျောင်းဆရာတစ်ဦးလည်းဖြစ်ပါသည်။ တက္ကသိုလ်ဘုန်းနိုင်သည် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ လူငယ်ထု၊ အခြေခံပညာကျောင်းသား၊ ကျောင်းသူ လူငယ်ထုအပြင် စာဖတ်ဝါသနာပါသော လူကြီးလူငယ်၊ လူရွယ်လူလတ်တို့၏အသည်းစွဲ ဝတ္ထုစာပေဖြင့် အဆွဲဆောင်နိုင်ဆုံး၊ အကြည်ညိုဆုံး၊ လေးစားဆုံး၊ အချစ်ခင်ဆုံး စာရေးဆရာတစ်ဦးဖြစ်ပါသည်။

စာရေးသူသည် လူငယ်ကျောင်းသားဘဝမှစတင်၍ ဆရာတက္ကသိုလ်ဘုန်းနိုင်၏ လုံးချင်းဝတ္ထုစာအုပ်များကို တလေးတစား၊ စွဲစွဲလမ်းလမ်း ဖတ်ရှုခဲ့သူတစ်ယောက်ဖြစ်သဖြင့် သူငယ်ချင်းများက "တက္ကသိုလ်ဘုန်းနိုင် ခရေစီ"ဟုပင် ပြောကြသည်။

စာရေးသူသည် ဆရာ၏စာပေနှင့်သာ ရင်းနှီးနေခဲ့ရပြီး ဆရာတက္ကသိုလ်ဘုန်းနိုင်ကို လူကိုယ်တိုင်မမြင်ဖူးပါ။ သို့သော် ဆရာ တက္ကသိုလ်ဘုန်းနိုင်သည် မိမိတို့၏ ပညာရေးတက္ကသိုလ်သို့ ပါမောက္ခချုပ်အဖြစ် ၁၉၈၇ ခုနှစ်တွင် အမှုထမ်းခဲ့သဖြင့် ဆရာ့ကို မြင်ဖူးခဲ့သည်။ ပါမောက္ခချုပ်အဖြစ် ပြောင်းရွှေ့လာသော ဆရာတက္ကသိုလ်ဘုန်းနိုင်သည် ဟိတ်ကြီးဟန်ကြီး စိတ်ဓာတ်ရှိသူမဟုတ်၊ ဆရာဦးသန်းထွတ်တို့နှင့် နေ့စဉ် လက်ဖက်ရည်ဆိုင်ထိုင်သည်။ စာအကြောင်းပေအကြောင်းများ ဆွေးနွေးပြောဆိုကြသည့်စကားကို နားထောင်နေကျသူမှာ စာရေးသူပင်ဖြစ်သည်။

စာရေးသူ၏အစ်ကို စက်မှုတက္ကသိုလ်ကျောင်းသားကလည်း "နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်သော စွယ်တော်ရွက်"ကို 'ချစ်သောသူပီပီ' ဆရာတက္ကသိုလ်ဘုန်းနိုင်၏စာအုပ်များကို ထွက်သမျှဝယ်၍စုပါသည်။ မိမိတို့ ၆ တန်း၊ ၇ တန်းအရောက် ဝတ္ထုဖတ်တတ်နေပါပြီ။ အစ်ကိုကြီးကလည်း စာဖတ်သည်ကို အားပေးပါသည်။

ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်များမှာ ညီမလေးရယ်စိုးရိမ်မိတယ်၊ သူ့ကျွန်မခံပြီ၊ မုန်းရစ်လေဦးနှင့်အခြားဝတ္ထုတိုများ၊ မိုးညအိပ်မက်မြူ၊ စိမ်းနေဦးမည့်ကျွန်တော့မြေ၊ မောင့်ဘဝညအလားကွယ်၊ တန်ခူးလေနှင့်လျောတော့သည်နှင့် အခြားဝတ္ထုများ၊ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်၊ လွမ်းတေးမဆုံးစေနှင့်စောသခင်၊ ကမ္ဘာကုန်ကျယ်သရွေ့ဝယ်၊ နွေကန္တာဦး၊ ဦးကြီးဘထိုက် သို့မဟုတ် မိုးနှင့်မြေကိုအောင်နိုင်ခြင်း၊ တစ်ပြည်သူမရွှေထား၊ နှင်းငွေ့တထောင့် မိုးတမှောင့် (၁၉၇၂ ခုနှစ် အမျိုးသားစာပေဝတ္ထုရှည်ဆုရစာအုပ်)ဖြစ်ပါသည်။

၁၉၅၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်မှသည် ၁၉၇၂ ခုနှစ်ထိကာလများသည် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာပေခေတ်ဟူ၍ ဆိုလောက်ပါပေသည်။ ဆရာတက္ကသိုလ်ဘုန်းနိုင်သည် ပညာရေးတက္ကသိုလ်သို့ ပါမောက္ခချုပ်အဖြစ် အမှုထမ်းရန် ပြောင်းရွှေ့လာသောအခါ စာရေးသူတို့မှာ ဝမ်းသာအားရဖြစ်ရသည်။

ဆရာသည် ပညာရေးလောကတွင် တက္ကသိုလ်နှင့် ကောလိပ်များ၌ ဦးခင်မောင်တင့်အမည်ဖြင့် အမှုထမ်းခဲ့သည်။ မန္တလေးတက္ကသိုလ်တွင် စတင်အလုပ်ဝင်ပါသည်။ ၁၉၅၁ ခုနှစ်မှ ၁၉၅၄ ခုနှစ်ထိ မန္တလေးတက္ကသိုလ် စိတ်ပညာဌာန တာဝန်ခံ၊ မန္တလေးတက္ကသိုလ် စိတ်ပညာဌာနမှူး၊ လက်ထောက်ကထိက၊ ကထိက (၁၉၅၅-၁၉၆၂)၊ တောင်ကြီးကောလိပ်ကျောင်းအုပ်ကြီး (၁၉၆၂-၁၉၇၂)၊ ပုသိမ်ဒီကရီကောလိပ်ကျောင်းအုပ်ကြီး (၁၉၇၂-၁၉၇၇)၊ မော်လမြိုင်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (၁၉၇၈-၁၉၈၇) နှင့် ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၈၇-၁၉၈၈) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၈၈ ခုနှစ်မှာ အရေးအခင်းကာလဖြစ်ပါသည်။ ထိုနှစ်တွင်ပင် ဆရာပါမောက္ခချုပ်ဘဝမှ အငြိမ်းစားယူခဲ့ပါသည်။ ဆရာတက္ကသိုလ်ဘုန်းနိုင်၏ ပညာရေးတာဝန်ထမ်းဆောင်ချက်များ၊ စာပေတာဝန်ထမ်းဆောင်ချက်များ၊ အနုပညာတာဝန်ထမ်းဆောင်ချက်များသည် အလွန်မှပင် များပြားလှပါသည်။

ကျွန်တော်သည် ဆရာတို့စကားဝိုင်း၊ စာပေဝိုင်းတွင် ဆရာ၏ဆွေးနွေးပြောပြချက်များသည် ဗဟုသုတအလွန်ရပါသည်။ ကမ္ဘာကုန်ကျယ်သရွေ့ဟူ၍ပင် ပြောနိုင်ပါသည်။

ဆရာတက္ကသိုလ်ဘုန်းနိုင်၏ အနုပညာကို သုတေသနစစ်တမ်းထုတ်ကြည့်မည်ဆိုလျှင် ဆရာသည် အောင်မြင်ကျော်ကြားသော မြန်မာပင်ကိုရေးဝတ္ထုရှည် ၂၉ အုပ်ရေးသားပြုစုခဲ့သည်။ ဝတ္ထုတိုပေါင်းချုပ် ကိုးအုပ်၊ စာပေသဘောတရား သုံးအုပ်၊ ထို့ပြင်သာမက နိုင်ငံခြားဘာသာသို့ ပြန်ဆိုခဲ့ရသော ဝတ္ထုများမှာ သူ့ကျွန်မခံပြီ(ရုရှားဘာသာ)၊ မုန်းရစ်လေဦး(ဟင်ဒီဘာသာ)၊ စွန့်ခွာရသည့်နွေညများ(တရုတ်ဘာသာ)၊ မိုးညအိပ်မက်မြူ(ဂျပန်ဘာသာ) (၎င်းစာအုပ်သည် ဂျပန်နိုင်ငံ အိုစကာတက္ကသိုလ်၊ မြန်မာစာဌာန၊ ပြဋ္ဌာန်းစာအုပ်ဖြစ်သည်)၊ သူငယ်ချင်းလို့ပဲဆက်၍ခေါ်မည်ခိုင်(ဟင်ဒီဘာသာ) တို့ဖြစ်ပါသည်။

ဆရာ့တက္ကဘုန်းနိုင်၏ဝတ္ထုများကို ရုပ်ရှင်ရိုက်ကူးခဲ့ကြပါသည်။ ဆရာကြီး၏ဝတ္ထု ကိုးပုဒ်ကို အခြေပြုရိုက်ကူးခဲ့သည်။ "တစ်ပြည်သူမရွှေထား၊ သူ့ကျွန်မခံပြီ" စသည့်ဝတ္ထုတို့ဖြစ်ပါသည်။ ဆရာ၏ဝတ္ထုများကို အခြေခံထားရိုက်ကူးသောရုပ်ရှင်များသည်လည်း အောင်မြင်ကြပါသည်။ ထို့ပြင် ဆရာသည် ဇာတ်ညွှန်း လေးပုဒ်၊ သီချင်း ကိုးပုဒ် ရေးဖွဲ့ဖန်တီးပေးခဲ့သည်။ စာပေလောက၊ အနုပညာလောကအတွက် ဆရာတက္ကသိုလ်ဘုန်းနိုင် အကျိုးပြုခဲ့သည်မှာ တာဝန်ကျေရုံမျှမက ပိုလွန်ထူးကဲသည်ဟု ဆိုနိုင်ပါသည်။ ဂါရဝဖြင့် စံပြုစံတင်ထိုက်လှသည်။

ဆရာ့ကို သံလျင်မြို့တွင် အဘဦးထွန်းဖေနှင့် အမိဒေါ်မေကျင်တို့က ၁၉၃၀ ပြည့်နှစ် ဇန်နဝါရီ ၁၆ ရက်တွင် မွေးဖွားခဲ့ပါသည်။ မွေးချင်း ငါးဦးတွင် ဒုတိယမြောက်သားဖြစ်သည်။ ပြည်ခရိုင်တွင် ကြီးပြင်းသည်။

၁၉၄၈ ခုနှစ်တွင် ပေါင်းတည် အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပါသည်။ ၁၉၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ စိတ်ပညာဂုဏ်ထူးဘွဲ့ကို ပထမတန်းမှ အောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ပညာရည်ချွန်ဂုဏ်ထူးတံဆိပ်ရခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့ကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကိုလံဘီယာတက္ကသိုလ်မှ ၁၉၆၀ ပြည့်နှစ်တွင် ရရှိခဲ့သည်။

ဆရာတက္ကသိုလ်ဘုန်းနိုင်သည် နိုင်ငံတော်၏ ပညာရေးအကျိုး၊ စာပေအကျိုး၊ အနုပညာအကျိုးတို့ကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့ပြီး အသက် ၇၂ နှစ်အရွယ် ၂၀၀၂ ခုနှစ် မေ ၁၀ ရက် သောကြာနေ့ နံနက် ၇ နာရီတွင် သံလျင်မြို့ အမှုထမ်းရပ်ကွက် (ဓမ္မရောင်ခြည်ကျောင်းလမ်း)နေအိမ်၌ ကွယ်လွန်သည်။ ဇနီးဖြစ်သူ ဒေါ်နီနီခင်နှင့် သားသမီးငါးဦး ကျန်ခဲ့ပါသည်။

ပညာရေးတက္ကသိုလ်သည် နှစ်စဉ်နှစ်တိုင်း မြတ်ဆရာပူဇော်ပွဲကို ကျင်းပပါသည်။ ၂၀၀၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပရန် စီစဉ်ထားပါသည်။ ထိုမြတ်ဆရာပူဇော်ပွဲတွင် ဆရာ၊ ဆရာမများ ကိုယ်စားဆရာ တက္ကသိုလ်ဘုန်းနိုင်ကို ဩဝါဒစကားပြောကြားပေးရန် တောင်းပန်ချက်အရ ဆရာက ဩဝါဒအမှာစကားကို ကြိုတင်ရေးပေးကာ အများသို့ ဖြန့်ဝေနိုင်ရန်အတွက် ပုံနှိပ်ထားပြီးဖြစ်ပါသည်။

ဆရာတက္ကသိုလ်ဘုန်းနိုင်၏ ဩဝါဒမှာ ကဗျာရှည်ကြီးဖြစ်ပါသည်။ ခေါင်းစဉ်မှာ **"အပုန်းမရှိသော ငွေလမင်း၏ အကြောင်း"** ဖြစ်၏။ ရေးဖွဲ့ခဲ့သောရက်စွဲမှာ ၂၀၀၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်ဖြစ်၏။ ဤဩဝါဒကဗျာရှည်သည် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ နောက်ဆုံးရေးဖွဲ့ခဲ့သော ကဗျာဖြစ်ပါသည်။ ဆရာ့ကို လွမ်းဆွတ်သတိရသည့်အနေဖြင့် ကဗျာကို ဖော်ပြလိုက်ပါသည်။

**❖ ဆရာ့ကို သံလျင်မြို့တွင် အဘဦးထွန်းဖေနှင့် အမိဒေါ်မေကျင်တို့က ၁၉၃၀ ပြည့်နှစ် ဇန်နဝါရီ ၁၆ ရက်တွင် မွေးဖွားခဲ့ပါသည်။ မွေးချင်း ငါးဦးတွင် ဒုတိယမြောက်သားဖြစ်သည်။ ပြည်ခရိုင်တွင် ကြီးပြင်းသည်။ ၁၉၄၈ ခုနှစ်တွင် ပေါင်းတည် အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပါသည်။ ၁၉၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ စိတ်ပညာဂုဏ်ထူးဘွဲ့ကို ပထမတန်းမှ အောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ပညာရည်ချွန်ဂုဏ်ထူးတံဆိပ်ရခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့ကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကိုလံဘီယာတက္ကသိုလ်မှ ၁၉၆၀ ပြည့်နှစ်တွင် ရရှိခဲ့သည်။ ❖**

**အပုန်းမရှိသောငွေလမင်း၏ အကြောင်း**

- ကဗျာဉာဏ်ရွှေစည်ကြီးရယ်က၊ မတီးလျှင် မမြည်ဘူး။ မြို့မန်လည်ရွှေစည်တီးသည်သို့။ သူတီးတော့လည်း မြည်လိုက်ချင်။
- ဩဝါဒ. . . ဩဝါဒလို့။ (ဩော်. . . တပည့်တပည်မတွေက)။

ဩကာသနဲ့ ပြောပါတဖွဲဆိုလာကြတော့။ (အစ်ကိုထွန်းကြွယ်ရေ)

လောကာဓမ္မနဲ့ဆရာဆိုမယ်။ ဘာကိုကွယ်ထုံးပမာပြပါလို့။

အဆာပိုကျယ်မှုန်းကာသရမလဲ။ (အမယ်မင်း. . .)

အဆုံးအမစကားကို။ အသုံးချပဲများရော့သလား။

လုံးဝခြားလိုက်မဟဲ့လို့ မူသစ်ထွင်။

မဆုံးမချင်ဘူး အပိုတမင်နော။

ဟိုယခင်ပဝေတုံးဆီက၊ ချိုအယဉ်အမေပြုံးပါလို့၊

နှလုံးစာတမူကွန်းပါပဲ။ ကျွန်းပတ်တဲ့စန္ဒာငွေလေ့။

တရံပေသူမပုန်းလေဘူးတဲ့။ ဖွေရှာကြသားရယ်

ကြည့်ပေတော့၊ အများနှယ်သိကြတဲ့လကွယ်မောင်။

ညလယ်တောင်မပျက်စဲ။ သူ့ခမျာ တန်ဆောင်မုန်းလေရဲ့။

သယံဇာတန်ဆာထုံးပေမို့။ ငွေစန္ဒာသူမပုန်း။

ကမ္ဘာ့ရိပ်သာ ဖြူစုဖုံးတတ်ရဲ့။

အမုန်းမသိတဲ့ အမေ့ပမာလေ့။

အပုန်းမရှိတဲ့ငွေလစန္ဒာလေး။

အမေ့မှာဒီစကား။ မှတ်သားလို့ကမ္ဘည်းတင်

မော်ကွန်းဝင်ရော့ကမ္ဘာဆုံး။

အမိရယ်တဲ့တက္ကသိုလ်။

ပညာရေးဗဟိုဆိုတဲ့။

ပတ္တမြားညိုမြရောင်ထွန်းပါတဲ့။

ရွှေမြင်းမိုရ်တောင်၊ ဇမ္ဗူကျွန်းဆီ၌၊

လဝန်းခြည် သူကြည်မြတာ

လ ပ ကြာဖြူသည်အလှရယ်နဲ့။

ကုမုဒြာတူညီမျှလေငဲ့။

တပည့် တပည့်မတို့ရဲ့အလိမ္မာ။

သတ္တစွဂါရဝနဲ့။ ငွေစန္ဒာပူဇော်ပွဲမှာမို့

ရင်ထဲသာယာလာတဲ့။

ဒီသစ္စာ ဒီကဗျာသဘောအပြင်။

(အစ်ကိုရယ်. . . ကျွန်တော်က)တခြားဘာများ

ပြောနိုင်လိမ့်မှာတုံး။

တက္ကသိုလ်ဘုန်းနိုင်

၂၀. ၁. ၂၀၀၂

အထက်ဖော်ပြပါကဗျာရှည်ကြီးကို ပညာရေးတက္ကသိုလ်၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် ဆရာတက္ကသိုလ်ဘုန်းနိုင်က ရေးဖွဲ့ပေးခဲ့သည်။

စာပေအပေါ်လေးစားတန်ဖိုးထားပုံကိုကြည့်ပါဦး။

**သစ္စာ**

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ

မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်

တွေးဖွယ်ထိုက်ရာ၊ တစ်ပုဒ်တလေ

တွေ့ငြားပေမူ၊ စာပေကျေးကျွန်

ငါ့ဝတ်ပွန်ပြီ၊

ငါမွန်အမြတ်

ငါအတတ်ဟု၊ စာဖတ်သူပေါ်

ခေါင်းကိုကျော်၍၊

ငါသော်ဆရာ မလုပ်ပါတည်း . . . တဲ့

အချုပ်အားဖြင့်ဆိုရသော် စာရေးဆရာတက္ကသိုလ်ဘုန်းနိုင်သည် မြန်မာနိုင်ငံစာပေလောကတွင် အလွန်ထင်ရှားသူစာရေးဆရာတစ်ဦးဖြစ်ရုံသာမက မြန်မာနိုင်ငံ၏အဆင့်မြင့်ပညာရေးလောကတွင် ကျောင်းဆရာတစ်ဦးလည်းဖြစ်သည့် အတုယူလေးစားဖွယ်ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

# ဉစ္စာကို ကံစောင့် အသက်ကို ဉာဏ်စောင့်

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ် ပြောပြမဲ့ ပုံပြင်လေးကတော့ "ဉစ္စာကို ကံစောင့် အသက်ကို ဉာဏ်စောင့်" လို့ အမည်ရတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ညောင်ပင်သာရွာလို့ အမည်ရတဲ့ရွာမှာ သူဌေးနှစ်ယောက်ရှိသတဲ့။ သူဌေးနှစ်ယောက်စလုံးဟာ ငယ်ရွယ်ပြီး သူငယ်ချင်းတွေဖြစ်သတဲ့။ အိမ်နှစ်အိမ်ကလဲ ခြံချင်းကပ်ဖြစ်တယ်ကွယ်။ သူဌေးနှစ်ယောက်ရဲ့အမည်တွေကတော့ ဦးဉာဏနဲ့ ဦးဉစ္စာဖြစ်တယ်ကွယ်။ ဦးဉစ္စာဟာ နာမည်နဲ့လိုက်အောင် စီးပွားရှာအလွန်တော်သတဲ့။ ဘယ်အလုပ်ကိုပဲလုပ်လုပ် အောင်မြင်သတဲ့။ ဦးဉာဏကတော့ ဘာကိစ္စပဲလုပ်လုပ် ဉာဏ်ကို စေစားပြီးလုပ်သတဲ့။ အလုပ်လုပ်တိုင်းလဲ အောင်မြင်တာပေါ့။ သူဌေးကြီးနှစ်ယောက်ဟာ စီးပွားပြိုင်ဘက်ဖြစ်ပေမဲ့ တစ်ယောက်နဲ့တစ်ယောက် မနာလိုဝန်တိုစိတ်မထားကြဘူးကွယ်။ ချစ်ချစ်ခင်ခင်ပဲနေကြတာပေါ့။ တစ်မနက်မှာတော့ ဦးဉာဏဟာ လမ်းလျှောက်ရင်း ဦးဉစ္စာကိုတွေ့သတဲ့။ တွေ့တွေ့ချင်းပဲ စကားဆိုလိုက်သတဲ့။

"ဗျို့ ဦးဉစ္စာ ကျွန်တော်နဲ့အတူတူ လမ်းလျှောက်ထွက်ပါလားဗျ"လို့ ပြောလိုက်သတဲ့။ အဲဒီအခါ ဦးဉစ္စာက-

"ဦးဉာဏရေ ကိုယ့်ဘာသာ လမ်းလျှောက်ပါကွယ်။ ဒီမှာ အလုပ်တွေနဲ့မအားသေးဘူးဗျ"လို့ ပြန်ပြောသတဲ့။ ဦးဉာဏဟာ စကားထပ်ဆိုလိုက်သတဲ့။

"ဦးဉစ္စာရေ ကျန်းမာရေးလဲ လိုက်စားသင့်တယ်နော်။ လမ်းလျှောက်တော့ သွေးလည်ပတ်မှုကောင်းပြီးကျန်းမာသန့်စွမ်းတယ်။ ပြီးတော့ဘယ်ရောဂါဝေဒနာမှလဲ မခံစားရတော့ဘူး။ ကျွန်တော်နဲ့လမ်းလေးဘာလေး အတူတူလျှောက်ရအောင်ဗျာ" လို့ ပြောလိုက်သတဲ့။ အဲဒီအချိန် ဦးဉစ္စာက စိတ်ထဲမှာ တွေးလိုက်သတဲ့။

"အင်း ဦးဉာဏဟာ သူ့ထက်ပိုချမ်းသာမှာစိုးလို့ ငါ့ရဲ့တန်ဖိုးရှိတဲ့အချိန်တွေကိုဖြုန်းရအောင်ကြံနေတာပဲဖြစ်မယ်"လို့ တွေးသတဲ့။ ပြီးတော့ ဦးဉစ္စာဟာ ဦးဉာဏကို စကားပြန်ဆိုလိုက်တယ်ကွယ်။

"ဦးဉာဏရေ ခင်ဗျားပဲ နံနက်တိုင်း ပုံမှန်လမ်းလျှောက်ပေါ့ဗျာ။ ကျန်းမာအောင်ပေါ့။ ကျွန်တော်ကတော့ နေမကောင်းဖြစ်ရင် ရှာထားတဲ့ဉစ္စာတွေနဲ့ သမားတော်ခေါ်ကုမှာပေါ့ဗျ။ ကျွန်တော့်မှာ ပိုက်ဆံရှိတာပဲ။ လမ်းလျှောက်ဖို့မလိုပါဘူးဗျာ"လို့ ဦးဉာဏကို ပြန်ပြောတယ်ကွယ်။ ဦးဉာဏဟာ ဦးဉစ္စာကို ပြောမရတဲ့အဆုံး လမ်းလျှောက်ဖို့ထွက်သွားသတဲ့ကွယ်။ ဦးဉာဏဟာ စီးပွားလဲရှာ နံနက်တိုင်းလဲ ပုံမှန်လမ်းလျှောက်ထွက်သတဲ့။ အချိန်တွေကြာလာတာနဲ့အမျှ ဦးဉစ္စာဟာ သူပြောတဲ့အတိုင်း စီးပွားရေးမှာ ပိုပြီးအောင်မြင်သတဲ့။ နေ့ည အလုပ်နဲ့လက် မပြတ်ဘူးတဲ့ကွယ်။ အချိန်တိုင်း အလုပ်လုပ်ဖို့ကိုပဲ စဉ်းစားနေသတဲ့။ ဦးဉာဏထက်တောင် ပိုပြီးချမ်းသာသတဲ့။



အလုပ်တွေများ၊ အထိုင်တွေများပြီး ဦးဉစ္စာဟာ ဝလာသလို ကျန်းမာရေးလဲချူချာလာသတဲ့ကွယ်။ ဦးဉစ္စာဟာ သူပြောတဲ့အတိုင်း နေမကောင်းဖြစ်ရင် သမားတော်တွေကိုခေါ်ပြီးဆေးကုသ သတဲ့။ ပိုက်ဆံကုန်ချင်သလောက်ကုန် ကျန်းမာအောင်ကုယူသတဲ့ကွယ်။ ဘယ်လိုပဲကုကု ဦးဉစ္စာရဲ့ရောဂါဟာ ခဏလောက်သက်သာပြီး မကြာမကြာပြန်ဖြစ်လာသတဲ့။ တစ်နေ့တခြား ပိုပြီးဝလာတာပေါ့။ နောက်ဆုံး ဦးဉစ္စာဟာ အဝလွန်ပြီး လမ်းမလျှောက်နိုင်တဲ့ထိဖြစ်လာသတဲ့ကွယ်။ ဒါပေမဲ့ ဦးဉစ္စာက သူ့စကားအတိုင်း သူကျန်းမာဖို့ သူ့မြို့ရွာမှာရှိတဲ့ သမားတော်တွေကို ပင့်ခေါ်သတဲ့။ ပြီးတော့ စကားတစ်ခွန်းပါ ပါးလိုက်သတဲ့။

"သူ့ရဲ့ရောဂါ ပျောက်ကင်းအောင်ကုသနိုင်သူကို မိမိပိုင်ဆိုင်သမျှ ဉစ္စာပစ္စည်းတွေကိုပေးမယ်" လို့ ကြေညာခိုင်းသတဲ့။ မြို့ရွာမှာရှိတဲ့သမားတော်တွေဟာလဲ အစွမ်းကုန်ကုသပေးသတဲ့။ ဘယ်သူပဲလာကုကု ဦးဉစ္စာရဲ့ရောဂါကို ပျောက်အောင်မကုသနိုင်ဘူးကွယ်။ နောက်ဆုံးမှာ ဦးဉစ္စာဟာ ဆေးကုလို့ ဉစ္စာပစ္စည်းတွေလဲကုန်၊ လူလဲမကျန်းမမာနဲ့ ဆင်းဆင်းရဲရဲကွယ်လွန်သွားသတဲ့ကွယ်။


ဦးဉစ္စာရဲ့အဖြစ်အပျက်ကို ဦးဉာဏကြားတဲ့အခါ အလွန်စိတ်မကောင်းဖြစ်သွားသတဲ့။ ပြီးတော့ ဦးဉာဏဟာ-

"ဩော် ဦးဉစ္စာ ဦးဉစ္စာ နာမည်နဲ့လိုက်အောင် စီးပွားရှာတာတော်ပေမဲ့ ငါပြောကတည်းကကျန်းမာရေးသာလိုက်စားရင် ဒီလိုအဖြစ်ဆိုးနဲ့ ဘဝနိဂုံးချုပ်မှာမဟုတ်ဘူး။ "ဉစ္စာကို ကံစောင့် အသက်ကို ဉာဏ်စောင့်" ဆိုတာ မသိဘူးထင်တယ်ကွယ်" လို့ ညည်းတွားရင်း ဦးဉစ္စာရဲ့အဖြစ်အပျက်ကို သင်ခန်းစာယူပြီး အရင်ကထက် စီးပွားလဲရှာ၊ ကျန်းမာရေးလဲ ပိုမိုလိုက်စားသတဲ့ကွယ်။

ပုံပြင်လေးကတော့ဒါပါပဲ သားသားမီးမီးတို့ရေ။ "ဉစ္စာကို ကံစောင့် အသက်ကို ဉာဏ်စောင့်" ဆိုတဲ့ ပုံပြင်ထဲကလို သားသားမီးမီးတို့လဲ စာကိုလဲကြိုးစားသင်ယူ၊ ကျန်းမာရေးလဲ လိုက်စားကြပါလို့ တိုက်တွန်းလိုက်ရပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

# ရေချမ်းစင်



- ရွာလမ်းဆုံက ရေချမ်းစင်
  အေးမြစိမ့်ကြည်လင်
  သောက်သုံးကြလျှင် ရွှေရင်အေး
  အမောလည်းပြေသေး။

- ဖိုးသာအေးရဲ့ ကုသိုလ်ပါ
  နေ့စဉ်ရေဖြည့်ကာ
  စေတနာဖြူစွာ သူလှူဒါန်း
  မြတ်သောဒါနပန်း
  အမြဲမပြတ်လန်း။ ။

**တေးရတု(ညောင်လေးပင်)**

# လောကကိုအလှဆင်

- သမီးလေးကနုနုနယ်
  ပန်းကလေးနဲ့တူလှတယ်
  ချိုမြိန်စေကွယ်ဆိုစကား
  ပန်းပွင့်တို့ရဲ့အလှများ။

- ရနံ့မွှေးသွားပန်းလေးမှာ
  နှုတ်မှုရေးရာကြွယ်လှတာ
  လိမ်လိမ်မာမာပြုမူလို့
  လူတိုင်းချစ်အောင်ပြောဆိုလို့။

- သည်းခံစိတ်တို့ရှိပြန်ရာ
  ဒေါသစိတ်များပယ်ထားပါ
  အမုန်းကင်းရာဥယျာဉ်တွင်း
  ပန်းရနံ့တို့ကြိုင်ထုံသင်း၊
  လောကတစ်ခွင်အေးချမ်းခြင်း။ ။



**လင်းလက်**

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဗိုလ်မှူးကြီး ကျော်ရွှေ (ငြိမ်း)၊ DSA(11)**

**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ်(၅)လမ်း၊ အိမ်အမှတ်(၆)နေ ဒေါ်နန်းမြင့် ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီး ကျော်ရွှေ (ငြိမ်း) သည် ၁၉-၄-၂၀၂၄ ရက် (သောကြာနေ့) နံနက် ၇း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်စနီး ဒေါ်ကြူကြူလှ**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**ရန်သူ မီးဘေး တားဆီးရေး မနေး ဆောင်ရွက်ကြ**





လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ

လိုအပ်သည်ဟု ခံစားနေရပါက

သတင်းအချက်အလက်မျှဝေရာစင်တာသို့

ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# အောင်မြင့်မိုရ်အိမ်ရာစီမံကိန်း နေအိမ်တိုက်ခန်းများကို CHID ဘဏ်၏ ချေးငွေအစီအစဉ်များဖြင့် ရောင်းချပေးသွားမည်



**နေပြည်တော် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ အောင်မြင့်မိုရ် အိမ်ရာစီမံကိန်း နေအိမ်တိုက်ခန်းများကို ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(CHID)ဘဏ်၏ချေးငွေအစီအစဉ်များဖြင့် ယခုနှစ်မေလတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်သတင်းများအရ သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID) တွင် အိမ်ရာစုဆောင်းငွေ အနည်းဆုံးငွေကျပ် သိန်း ၃၀ စုဆောင်းထားရှိပြီးသူ ၂၂၉၃ ဦးကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ ၂၂၉၃ ဦးစာရင်းတွင် ပါဝင်သူများအနေဖြင့် DUHD-Sale Housing ၏ Facebook Page Messenger မှတစ်ဆင့် စာရင်း ပေးသွင်းလျှောက်ထားနိုင်ကြောင်း၊ Facebook Page Messenger မှတစ်ဆင့် အမည်စာရင်းလက်ခံမှုများကို ယခုနှစ် မေ ၂၂ ရက်မှ မေ ၃ ရက်ထိ ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီ ၃၀ မိနစ်မှ ညနေ ၄ နာရီ ၃၀ မိနစ်ထိ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချပေးမည့် အခန်းများမှာ မြောက်ခန်းတွဲ လေးထပ်အဆောက်အအုံများဖြစ်သည့် တိုက်အမှတ် (၁၃)၊ (၁၄)၊ (၁၅)နှင့် ရှစ်ခန်းတွဲ လေးထပ်အဆောက်အအုံဖြစ်သည့် တိုက်အမှတ် (၅)တို့မှ အခန်း ၁၀၄ ခန်းတို့ဖြစ်ကြောင်း သိရသည်။

ရှစ်ခန်းတွဲလေးထပ်တိုက်ခန်း မြေညီထပ်တွင် ရှေ့ခြမ်း ငွေကျပ် သိန်း ၂၆၀၊ နောက်ခြမ်း ငွေကျပ် သိန်း ၂၆၀၊ ပထမထပ်တွင် ရှေ့ခြမ်း ငွေကျပ် သိန်း ၂၂၀၊ နောက်ခြမ်း ငွေကျပ် သိန်း ၂၁၀၊ ဒုတိယထပ်တွင် ရှေ့ခြမ်း ငွေကျပ် သိန်း ၁၉၀၊ နောက်ခြမ်း ငွေကျပ် သိန်း ၁၈၀၊ တတိယထပ်တွင် ရှေ့ခြမ်း ငွေကျပ် သိန်း ၁၆၀၊ နောက်ခြမ်း ငွေကျပ် သိန်း ၁၅၀၊ မြောက်ခန်းတွဲ လေးထပ်တိုက်ခန်းဈေးနှုန်းများမှာ မြေညီထပ်တွင် ရှေ့ခြမ်း ငွေကျပ်သိန်း ၂၅၀၊ နောက်ခြမ်း ငွေကျပ် သိန်း ၂၄၀၊ ပထမထပ်တွင် ရှေ့ခြမ်း ငွေကျပ် သိန်း ၂၀၀၊ နောက်ခြမ်း ငွေကျပ် သိန်း ၁၉၀၊ ဒုတိယထပ်တွင် ရှေ့ခြမ်း ငွေကျပ်သိန်း ၁၇၀၊ နောက်ခြမ်း ငွေကျပ် သိန်း ၁၆၀၊ တတိယထပ်တွင် ရှေ့ခြမ်း ငွေကျပ် သိန်း ၁၅၀၊ နောက်ခြမ်း ငွေကျပ် သိန်း ၁၄၀ ဖြစ်ကြောင်း သိရသည်။

ရောင်းချပေးမည့် အခန်းအရေအတွက်အရ ဝယ်ယူရန် စာရင်းပေးသွင်းထားသူများအနက်မှ ဘဏ်၏တန်းစီဇယားအမှတ်စဉ်အလိုက် အခန်းများကို မဲနှိုက်ရောင်းချပေးသွားမည်ဖြစ်ပြီး မဲနှိုက်မှုအစီအစဉ်ကို ယခုနှစ် မေ ၇ ရက်တွင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

SKL

# ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးထားသော မြေပဲ ၇၉၇၇၆ ဧက နုတ်သိမ်းပြီးစီး

**ရေဦး မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၇၉၇၇၆ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၇၉၇၇၆ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၉ ဒသမ ၈၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ရေဦးခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ မြေပဲ ၇၉၇၇၆ ဧက စိုက်ပျိုးထားတယ်။ လက်ရှိအချိန်မှာတော့ ဧကအားလုံး နုတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ပါတယ်။ ဆောင်းမြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ မြေပဲစိုက်ပျိုးရာမှာလဲ တစ်ဧကအထွက်နှုန်းတိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်အတွင်း မြို့နယ်အလိုက် ဆောင်းမြေပဲနုတ်သိမ်းပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၁၀၂၄၈ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၃၅၃၀ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၃၅၉၉၇ ဧက စုစုပေါင်း ၇၉၇၇၆ ဧကဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၇၈၀၅၀ လျာထားစိုက်ပျိုးခဲ့ရာ ၇၉၇၇၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရေဦးခရိုင်တွင် မြေပဲစိုက်တောင်သူများအနေဖြင့် မြေပဲ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ပြည်တွင်းထုတ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များ ပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လုပ်ငန်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

ထာဝရလှပသော အပြုံးအတွက်

DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၀၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

### ပျောက်ဆုံးကြောင်း

သာကေတမြို့နယ်နေ မောင်ဆယ်လင်း (ဘ) ဦးသန်းထွန်း (၁၄/သပန(နိုင်) ၁၆၀၄၄၃)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၉၆၇၉၆၇၅

### မီး

### သတိပြု

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ အရှေ့(၄၆)ကွက်နေ ဦးကိုကိုထွေး-ဒေါ်ခင်ခင်ယုတို့၏ သားကြီး **မောင်ကောင်းမင်းခန့်(၉/အမဇ(နိုင်)၀၅၂၇၆၈)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများအား အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကိုကိုထွေး(၉/မနမ(နိုင်)၁၀၃၄၃၂)**
**ဒေါ်ခင်ခင်ယု (၉/မနမ(နိုင်)၀၀၆၅၅၄)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ ထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျလာမည်ဖြစ် . . .

❖ ထိုသို့ နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျသွားမည်ဆိုပါက ပြည်တွင်းငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်ကာ နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ် . . .

❖ ထိုသို့ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာမည်ဆိုပါက ပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့တို့က ထိုင်း-မြန်မာ အမှတ်(၂)ချစ်ကြည်ရေးတံတားအနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသည့်တပ်ဖွဲ့ဝင်များကို လာရောက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဧပြီ ၂၀**

KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားပူးပေါင်းအဖွဲ့တို့သည် ကရင်ပြည်နယ် မြဝတီမြို့နယ် ထိုင်း-မြန်မာအမှတ်(၂)ချစ်ကြည်ရေးတံတားအနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်များကို လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ နှစ်နိုင်ငံချစ်ကြည်ရေးတံတားအနီး လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် KNUအဖွဲ့မှအကြမ်းဖက်မှုကို လိုလားသူများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့တို့က နှစ်နိုင်ငံနယ်စပ်နယ်နိမိတ်အနီး တည်ငြိမ်အေးချမ်းမှုကိုပျက်ပြားစေရန်၊ နယ်စပ်ဒေသရှိ နှစ်နိုင်ငံပြည်သူလူထုတို့ကို ကြောက်ရွံ့ထိတ်လန့်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် လက်နက်ကြီးများဖြင့်အဝေးမှပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop ဗုံးများဖြင့် ပစ်ချတိုက်ခိုက်ခြင်းတို့ကို သာလွန်အင်အားအသုံးပြု၍ တိုက်ပွဲဖော်ဆောင်လာခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားပူးပေါင်းအဖွဲ့တို့က ထိုင်း-မြန်မာ အမှတ်(၂)ချစ်ကြည်ရေးတံတားအနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသည့်တပ်ဖွဲ့ဝင်များကို လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်ပြပုံ

